မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၄)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ခုနှစ် ဇူလိုင်၁၄ရက်တွင် ကျရောက်သည့် ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျက်ရှီရပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၈ခုနှစ် ဇူလိုင် ၁၁ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဆားလင်းကြီးမြို့နယ် ကျောက်ဖြူတိုင်ရေလှောင်တမံဖွင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ ဖူလုံစွာရရှိမည်

ရန်ကုန် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၈ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျောက်ဖြူတိုင် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ဖြူတိုင်ရေလှောင်တမံအနီး၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူလူထုများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ(အမှတ်စဉ်-၉) မေတ္တာသည် သီတာရေစင်

မေတ္တာတရားတည်ရှိရာ ထွန်းကားရာ
အရပ်များကား မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှ
မတူသောချမ်းမြေ့မှု ကိန်းဝပ်နေမြဲဖြစ်၏။
ထို့ကြောင့် သီလကို ပန်းရနံ့နှင့်နှိုင်း၏
မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

(သာသနာရေး)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယဒုတိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၈ခုနှစ် ဇူလိုင်၁၁ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ကျောက်ဖြူတိုင်ရေလှောင်တမံ

ဆားလင်းကြီးမြို့နယ် ကျောက်ဖြူတိုင်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပိုမိုပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လာအိုနိုင်ငံနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနှင့်လာအို နယ်စပ်တာချီလိတ်ခရိုင် ဝမ်ကျင်းတွင် နယ်စပ်ဒေသဆက်ဆံရေးရုံးသစ်ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာနှင့် လာအိုနယ်စပ်ဒေသ ဆက်ဆံရေးရုံးကို လက်ရှိတာချီလိတ်ခရိုင် ဝမ်ပုံတွင် ဖွင့်လှစ်ထားပြီး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ ဆက်ဆံရေးရုံးများကို ကချင်ပြည်နယ် လွယ်ဂျယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်တွင် ဖွင့်လှစ်ထားသည်။ မြန်မာ-ထိုင်းနယ်စပ်ဒေသ ဆက်ဆံရေးရုံးများကို မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်းမြို့များတွင် ဖွင့်လှစ်ထားသည်။

တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ၂၀၀၁ခုနှစ်မှ ယနေ့အထိ အိမ်နီးချင်း တရုတ်နိုင်ငံသို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူ တရားခံ၆၁ဦးကို လွှဲပြောင်းနိုင်ခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုနှင့် အလိုရှိသည့် တရားခံနှစ်ဦးကို လွှဲပြောင်းပေးခဲ့သည်။

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု၌ ၂၀၀၄ခုနှစ်တွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူ တရားခံနှစ်ဦး၊ ၂၀၀၅ခုနှစ်တွင် တရားခံတစ်ဦးအား မြန်မာနိုင်ငံမှ လွှဲပြောင်းပေးခဲ့ပြီး မြန်မာနိုင်ငံမှ အလိုရှိသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူ တရားခံတစ်ဦးကို ၂၀၀၅ခုနှစ်တွင် ထိုင်းနိုင်ငံက လွှဲပြောင်းပေးခဲ့သည်။

အလားတူ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ ဗဟိုအဆင့်ကသာမက အောက်ခြေအဆင့်အစည်းအဝေးများ ပုံမှန်ကျင်းပပြီး သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုများ နှစ်စဉ်တိုးမြှင့်ဆောင်ရွက်နေသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်များကြောင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်သူများ၏ လှုပ်ရှားမှုများ လျော့နည်းကျဆင်းလာလျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၃

ရွှေမင်းဝံ သာသနာ့ရိပ်သာ အမှတ် ၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်တွင် (၂၄)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက်(တနင်္ဂနွေနေ့)နံနက်ဂနာရီတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ ဓမ္မဗိမာန်တော်အပေါ်ထပ်၌ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။(က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ
(က) ဦးကြည်စိုး	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ) ဦးသိန်းဆွေ	ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်အားကောင်းလာရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင်၁၀ရက် ညနေ၃နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ပြည်တွင်း ဘဏ်လုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားမဝင် တင်သွင်း တင်ပို့မှုများကို စိစစ်ကြပ် မတ်ရသည့် ဌာနများသည် ကူးသန်း ရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ ထွန်းကားစည်ပင်စေရန် နည်းလမ်းများ၊ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းရှိ သက်ဆိုင်ရာ ဦးစီးဌာန လုပ်ငန်းဌာနများနှင့်သာမက ပြည်ပရှိ နိုင်ငံတကာဘဏ်များ၊ အဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော ဆက်သွယ်မှုများ ထူထောင် ထားရှိပြီး SWIFT (Society for World-wide Interbank Financial Tele-Communication) စနစ်ကဲ့သို့ ICT အသုံးချခေတ်မီစနစ်များဖြင့် ထိရောက် ထက်မြက်စွာ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် ပြည်တွင်းထုတ်ကုန်များ၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းများ မြင့်မားလာစေရန် လိုအပ်သည့် လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအကျယ်တဝင့် ပြောကြားသွားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ သွင်းကုန်လုပ်ငန်းရှင်များက နိုင်ငံခြားဘဏ်လုပ်ငန်းစနစ်နှင့် အခွန်ထမ်းဆောင်ခြင်းဆိုင်ရာ သိလိုသည့်အချက်များ၊ အကြံပြုချက်များ၊ ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်း ပြောကြားသည်။

ဟန်ချက်ညီညီဝိုင်းဝန်းကြိုးပမ်း

ၚင်းနောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုအားကောင်းလာစေရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ဝိုင်းဝန်း ကြိုးပမ်းရမည်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

မြဝတီရုပ်မြင်သံကြား

၁၄-၇-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်ရှောက်ရှုစားကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့အိမ်ကလေး”** (အပိုင်း-၄၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ **“ပိဋကတ်အခြေခံရင့်သန်ကျွမ်းကျင်စာတတ်စေဖို့စနစ်တကျသင်”**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်မတင်ကလေး”** (အပိုင်း-၁၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၆
(သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့ (အပိုင်း-၂)
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ဟဲလေးနှင့် သူ၏ အနုပညာခရီးလမ်း)
၈:၀၀ ပြည်တွင်းသတင်းအကျဉ်း
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ အရသာ တစ်မူထူးခြား ကိုရီးယားအစားအစာများ (ကင်မ်ချီ၊ ကြက်ဥမွှေကြော်)
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀ ပုံရိပ်ဖမ်းစားဓာတ်ပုံပညာရှင်များ (ကိုအောင်-Flash Memo)
၈:၅၀ လူသုံးနည်းသစ်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစေရေး
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ မိုးလေဝသခန့်မှန်းချက်
၉:၁၀ အောင်မြင် ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဖြိုးကြီး၊ စိုးမြတ်နန္ဒာ)
၉:၃၀ ပြည်တွင်းသတင်းအကျဉ်း
၉:၄၀ ပတ်ဝန်းကျင်ကိုအလှဆင်နေသော ရောင်စုံကွန်ကရစ်အုတ်ဘလောက်တုံးကလေးများ
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ Myanmar Video Rhythm
၁၀:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀ ဝါဆိုခြင်းပွဲတော်
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ သတိပြုကာကွယ် ငှက်ဖျားအန္တရာယ်
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ အစဉ်အလာကောင်းမည့် ရေလှောင်တမံ “ခပေါင်း”
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

■ ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ကြက်ဆူပင်များ တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရည်ရွယ်တည်ဆောက်

ယင်းနောက် ကျောက်ဖြူတိုင်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျောက်ဖြူတိုင် ဆည်သည် ကျောက်ဖြူတိုင်ချောင်းကို ပိတ်ပြီး ဧက ၈၀ စိုက်ပျိုးရေရရှိရေး၊ ဒေသနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးတို့နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံး၌ ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးလျက်ရှိရာ ဆားလင်းကြီးမြို့နယ်အတွင်း ငွေသာရေလှောင်တမံ၊ ဆားလင်းကြီးရေလှောင်တမံ၊ ဖောင်းကတာရေလှောင်တမံနှင့် ယခုဖွင့်လှစ်သည့် ကျောက်ဖြူတိုင်ရေလှောင်တမံအပါအဝင် ညောင်ပင်ကြီးမြစ်ရေတင်စီမံကိန်းကိုပါ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က မုံရွာခရိုင်အတွင်း၌ ဆည်တာတမံ ၁၂ ခုကို တည်ဆောက်ပေးခဲ့ပြီး လက်ရှိဆည်တမံ တစ်ခုသည် ဆောင်ရွက်ဆဲရှိကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ကျောက်ဖြူတိုင် ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျေးဇူးတင်ရှိ

ကျောက်ဖြူတိုင် ရေလှောင်တမံ တည်ဆောက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း စတင်တည်ဆောက်စဉ်ကစပြီး တောင်သူများနှင့် ညှိနှိုင်း၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည့်အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးခဲ့သည့်အတွက် အချိန်တိုအတွင်းတွင်ပင် တည်ဆောက်နိုင်ခဲ့ကြောင်းကို သိရသဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကြိုးပမ်းအကောင်အထည်ဖော်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် ရောက်ရှိရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးသည့်နောက်ပိုင်းတွင် နိုင်ငံတစ်ဝန်းလုံး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသည့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးမြင့်မားရန်လိုအပ်သည့်အခြေခံ အဆောက်အအုံများကို အားလုံးနီးပါး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မုံရွာခရိုင် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသသည် ယခင်က စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကအားထားရပြီးမိုးနည်းသည့်ဒေသဖြစ်၍ ပြည်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အခက်အခဲများစွာရှိကြောင်း၊ ယခုအခါ ဆားလင်းကြီးမြို့နယ်တွင် ရေလှောင်တမံလေးခုနှင့် မြစ်ရေတင်တစ်ခုတို့ကိုလည်းကောင်း၊ ပုလဲမြို့နယ်တွင် မြောက်ယမားဆည်၊ လှိုင်းချောင်းတမံနှင့် မြောက်ယမား ရေကူဆည်တို့ကိုလည်းကောင်း၊ ယင်းမာပင်မြို့နယ်တွင် ဝလချောင်း ရေလှောင်တမံကိုလည်းကောင်း တည်ဆောက်ပေးပြီးဖြစ်၍ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသတွင် စိုက်ပျိုးရေးအတွက် အခြေအနေကောင်း များစွာဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရကို ပြည်သူလူထုနှင့်အတူ ဒေသသားတစ်ဦးအနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေးတို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ကျေးဇူးကို ပြန်လည်တုံ့ပြန်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် နိုင်ငံတော် အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်နေသည့် ပြည်တွင်း၊ ပြည်ပအဖျက် သမားများ၏ အန္တရာယ်ကို ဝိုင်းဝန်းကာကွယ် တိုက်ဖျက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူတစ်ဦးက ကျောက်ဖြူတိုင် ရေလှောင်တမံ တည်ဆောက်ပေးခဲ့သည့်အတွက် နိုင်ငံတော်ကိုအထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ဖြူတိုင်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောက်ဖြူတိုင်ရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျောက်ဖြူတိုင် ရေလှောင်တမံသည် ရေဆင်း ငါးစတုရန်းမိုင်ရှိသော ကျောက်ဖြူတိုင်ချောင်းကို မြေသားပိတ်၍ရေသိုလှောင်ထားခြင်းဖြစ်သည်။ ကန်ရေအပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၀၀ ဖြစ်ပြီး လယ်ယာမြေဧက ၈၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဖောင်းကတာ ရေလှောင်တမံ စီမံကိန်းကိုသွားရောက်ကြည့်ရှုလေ့လာကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးရီက စီမံကိန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးနှင့်အဖွဲ့သည် ဖောင်းကတာကျေးရွာ၌ စိုက်ပျိုးဖြစ်ထွန်းနေသော ရွှေဘို(၁) စပါးစိုက်ကွင်းသို့ သွားရောက်ကြည့်ရှုကြပြီး လယ်သမားများနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် သမ္မတောကျေးရွာတွင် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆားလင်းကြီးမြို့နယ် သမ္မတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းယာယီမဏ္ဍပ်သို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ သမ္မတော၊ အောင်ချမ်းသာ၊ ရွာသစ်၊ နီပဒါန်း၊ ကျွဲခိုတော၊ ဆင်ဖြူချီနှင့် ပန်းထူးကျေးရွာများမှ ကျေးလက်ပြည်သူ ၂၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ သမ္မတောကျေးရွာမှ ဒေသခံ ပြည်သူတစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီးပွားဖြစ်လုပ်ကိုင်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်က ပညာရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ တိုးချဲ့တည်ထောင်ပေးခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားဦးရေနှင့် မမျှတသဖြင့် ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ပေးခြင်းများကို နိုင်ငံတော်၏ မတည်ငွေနှင့်အတူ ပြည်သူများ၊ စေတနာရှင်၊ အလှူရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း။

ကျေးရွာမီးလင်းရေးနှင့်ပတ်သက်၍ ကျေးရွာများတွင်ရရှိသည့် နွားချေးကိုသုံးပြီး ဘိုင်အိုဂတ်(စ်)ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူ သုံးစွဲနိုင်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ ထို့အပြင် စပါးခွံသုံးသည့် လျှပ်စစ်ဓာတ်အားပေးစက်များကိုလည်း အသုံးပြုနိုင်ကြောင်း၊ စွန့်ပစ်ပစ္စည်းများ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စနစ်သည် ထုတ်လုပ်မှုစရိတ်နည်းပါးသော်လည်း လိုအပ်မည့် စွန့်ပစ်ပစ္စည်းများ လုံလုံလောက်လောက်ရရှိနိုင်မှ အောင်မြင်မည်ဖြစ်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လိုအပ်ချက်မှန်သမျှကို ကျေးရွာပြည်သူများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များကလည်း အမျိုးသားရေးတာဝန်တစ်ခုအဖြစ် ခံယူပြီး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြကျေးရွာဖြစ်လာအောင် ရွာသူရွာသားများကိုယ်တိုင် ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းလုပ်ဆောင်

ယင်းသို့ ဆောင်ရွက်ရာတွင် ကြုံတွေ့လာရမည့် အခက်အခဲများကို ကျော်လွှားပြီး အောင်မြင်အောင်လုပ်မည်ဆိုသည့် စိတ်ဓာတ်ထားရှိမွေးမြူစေလိုကြောင်း၊ ကျေးလက်ပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတောင့်တင်းအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သမားရိုးကျစိုက်ပျိုးသော သီးနှံများအပြင် နှစ်ရှည်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ ယင်းသို့ စိုက်ပျိုးရာတွင် ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အသုံးပြုစေလိုကြောင်း၊ ထို့အပြင် ဤဒေသတွင် ဖြစ်ထွန်းအောင်မြင်နိုင်သည့် ဆီးရိုင်းပင်နှင့် ဆိတ်တို့ တွဲဖက်စိုက်ပျိုးမွေးမြူခြင်းကို စီးပွားဖြစ်လုပ်ကိုင်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ သမ္မတောကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၃၅၀ တို့၏ အဆိုပြုလွှာများကို ကျေးရွာစည်းရုံးရေးမှူး ဦးလှထွန်းက ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သမ္မတောကျေးရွာ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ကျောင်းသုံးဖတ်စာအုပ်များကိုလည်းကောင်း၊ ကျောင်းစာသင်ခုံ ၁၀ ခုံကိုလည်းကောင်း၊ စောင်နှင့် အဝတ်အထည်များကိုလည်းကောင်း၊ တေးသီချင်းနှင့် ဗီဒီယိုဓာတ်လမ်း ဗွီစီဒီများကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြပြီး တွေ့ဆုံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဝန်ကြီးသည် ဆုံတားကျေးရွာရှိ မြတ်ဆုရှင်စေတီတော်အား ဝင်ရောက် ဖူးမြော်ကြည်ညိုပြီး ရွာဦးကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျားတက်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လှူဒါန်းငွေနှင့် ကျေးရွာပြည်သူလူထု စုပေါင်းလှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ဆဲဖြစ်သော ကျားတက်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက ကွန်ပျူတာ၊ ကက်ဆက်နှင့် ရုပ်မြင်သံကြားဖမ်းစက်တို့ဖြင့် မတည်လှူဒါန်းထားသော Multi Media Class Rooms ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဆားလင်းကြီးမြို့နယ်သမ္မတောကျေးရွာ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်၌ မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်

မနီလာ ဇူလိုင် ၁၃

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်း ဘာဂူအိုဒေသတွင်ဖလိုရီတာ အပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ဇူလိုင်၁၂ရက်က မြေပြိုမှုဖြစ်ပွားခဲ့သည်။ (အပေါ်ပုံ)

ထို့အပြင် အင်္ဂါနေ့စောစောပိုင်းက အယ်ဗေပြည်နယ် ကမ်းရိုးတန်းရှိ လှိုင်းကြီးလေထန်နေသော ရေပြင်တွင် ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်သွားစဉ် ပျောက်ဆုံးနေသော ရေလုပ်သား ၂၀ ကို ကယ်တင်ခဲ့ရကြောင်း ဖိလစ်ပိုင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ကပြောကြားသည်။

ကယ်တင်

ယင်းငါးဖမ်းစက်လှေ နစ်မြုပ်သွားစဉ် အနီးရှိ ခရီးသည်တင်ကူးတို့သင်္ဘောတစ်စင်းက ငါးဖမ်းစက်လှေမှ ရေယာဉ်အမှုထမ်း ၁၃ဦးကို ကယ်တင်ပေးခဲ့သည်။

ပင်လယ်ပြင်ရှိ ကျန်ခုနစ်ဦး အားကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ကယ်တင်ပေးခဲ့ကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ နယ်ဆွန်က သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မွမ်ဘိုင်းမှ လူစီးရထားများ ဗုံးခွဲခံရမှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

ကုလသမဂ္ဂ ဇူလိုင် ၁၃

အိန္ဒိယနိုင်ငံ၌ လူစီးရထားများကို ရက်စက်စွာဗုံးခွဲ တိုက်ခိုက်ခြင်းနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က အင်္ဂါနေ့တွင် ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

ဖော်ပြ

အိန္ဒိယနိုင်ငံမွမ်ဘိုင်းမြို့၌ရထားများကို အညာအတာကင်းမဲ့စွာ ဗုံးခွဲ တိုက်ခိုက်မှုကြောင့် ကိုဖီအာနန်အနေဖြင့် များစွာတုန်လှုပ်မိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ယုံကြည်

ထိုသို့သော လုပ်ရပ်များကြောင့် အကြမ်းဖက်မှုက နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အကြီးအကျယ် ခြိမ်းခြောက် လာကြောင်း ထပ်မံအတည်ပြု ပေးလိုက်ရုံမက မည်သည့်အချိန်၊ မည်သည့်နေရာ၌၊ မည်သည့်ရည်ရွယ်ချက်ဖြင့်၊ မည်သူက ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်လာခြင်းကို နိုင်ငံအားလုံးက လက်တွဲပြီး တိုက်ဖျက်ချေမှုန်းပစ်ရန် အရေးတကြီးလိုအပ်လာနေပြီဖြစ်ကြောင်း နှိုးဆော်လိုက်ခြင်းပင် ဖြစ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ယုံကြည်သည်။

ထို့နောက် ယင်းဖြစ်ရပ်အတွက် အိန္ဒိယအစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း၊ သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုများထံသို့လည်းကောင်း ဝမ်းနည်းကြောင်း ကိုဖီအာနန်က အကြောင်းကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ဗုံးခွဲတိုက်ခိုက် အနည်းဆုံးလူငါးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

ဘဂ္ဂဒက်မြို့လယ်ရှိ လုံခြုံရေးအထပ်ထပ်ချထားသော အစိမ်းရောင်ဇုန်အနီး ကပ်လျက်ရှိသော စားသောက်ဆိုင်နားတွင် ဇူလိုင်၁၁ရက်က အသေခံဗုံးခွဲမှုကြောင့် အနည်းဆုံးငါးဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောဆိုသည်။

ဒဏ်ရာရ

အသေခံဗုံးခွဲသူက ဖောက်ခွဲရေးပစ္စည်းတင်ဆောင်ထားသည့် သူ၏ မော်တော်ကားအတွင်းမှ ထွက်လာသောအခါ မြင်ရသူများက သူ့ကို သင်္ကာမကင်း ဖြစ်ကြသည်။ သို့သော် သူ့ကိုဝိုင်းမဖမ်းမီ မော်တော်ကားနှင့်အတူ ဗုံးခွဲလိုက်သည့်အတွက် ယင်းသို့ သေဆုံး ဒဏ်ရာရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်

ဟန္နိုင်း ဇူလိုင် ၁၃

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် အခြေခံအဆောက်အအုံနှင့် တာဝန်ထမ်းဆောင်သူ အရေအတွက်လည်း အားနည်းမှုရှိကြောင်း ဗီယက်နမ်ပြည်တွင်းထုတ် အလုပ်သမားသတင်းစာက ဇူလိုင် ၁၀ရက်တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် အားရဖွယ်မရှိကြောင်း၊ သို့သော်လည်း လာမည့် ၂၀၀၇ခုနှစ်တွင် ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဗီယက်နမ် အမျိုးသား ခရီးသွားအုပ်ချုပ်ရေးအဖွဲ့ (ဗီအင်အေတီ)က ပြောကြားသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ ရှန်ဟိုင်းနှင့်ဂျပန်နိုင်ငံတို့တွင်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရုံးများ ယခုထိမရှိကြောင်းလည်း အဆိုပါအဖွဲ့က ပြောကြားသည်။

ထောက်ပြ

ထို့အပြင် ဗီယက်နမ်နိုင်ငံတွင် ခရီးသွားလုပ်ငန်း ဧည့်လမ်းညွှန်များလည်း ပြည့်ပြည့်စုံစုံ မရှိကြောင်း၊ ထို့အတူ ဘာသာစကားကို ကျွမ်းကျင်နိုင်နင်းစွာ ပြောဆိုနိုင်သည့် ဧည့်လမ်းညွှန်များလည်းမရှိကြောင်း၊ ကြီးမားသောဟိုတယ်များလည်း အရေအတွက်ပြည့်မီအောင် မရှိကြောင်း ဗီအင်အေတီအဖွဲ့က ထောက်ပြထားသည်။

စံချိန်မီ

ယခုအချိန်အထိ ဗီယက်နမ်နိုင်ငံတွင် တောင်ကိုရီးယားဘာသာစကားပြောဆိုတတ်သည့် ဧည့်လမ်းညွှန် ၃၀ ကျော်ခန့်သာရှိပြီး နိုင်ငံအတွင်း စံချိန်မီသည့် ဟိုတယ်အနည်းငယ်သာရှိကြောင်း သိရသည်။

ရောက်ရှိ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမခြောက်လတွင် နိုင်ငံတကာမှ ဧည့်သည် ၁ဒသမ ၈၅သန်းခန့် ရောက်ရှိခဲ့ပြီး အများအားဖြင့် ဖိလစ်ပိုင်၊ စပိန်နှင့် တရုတ်ပြည်မကြီးတို့ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ် လူဦးရေ ၁ ဒသမ ၄၈ရာခိုင်နှုန်းမြင့်တက် လာမည့် ၄၇နှစ်၌ သန်း ၂၇၀အထိ ရောက်ရှိနိုင်

ဒါကာ ဇူလိုင် ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လောလောဆယ် လူဦးရေကြီးထွားမှုသည် ၁ဒသမ ၄၈ရာခိုင်နှုန်းရှိပြီး ယခုအတိုင်း ဆက်လက်မြင့်တက်ပါက လာမည့် ၄၇နှစ်တွင် နိုင်ငံ၏စုစုပေါင်း လူဦးရေသည် သန်း၂၇၀ ရှိသွားမည်ဖြစ်ကြောင်း ယူအင်ဘီသတင်းဌာနက ဖော်ပြသည်။

ချမှတ်

အစိုးရသည် မိသားစုစီမံကိန်းနှင့် ထက်ဝက်လျှော့ချရေးနှင့် ပတ်သက်၍ သီးသန့်ရည်မှန်းချက်ဖြင့် ပြီးစီးအောင်မြင်ရန် အရေးကြီးသည့် အစီအစဉ်များ ချမှတ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဒေါက်တာချန်ဒါကာမိုရှာရက်ဖ်ဟော့စိန်က ဇူလိုင် ၁၀ရက်တွင် ပြောကြားသည်။

အဆိုပါ အစီအစဉ် အောင်မြင်ပြီးစီးရေးအတွက် မိသားစုစီမံကိန်းဌာန အရာရှိများနှင့် လူအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။

စီမံကိန်း အောင်မြင်သည့်တိုင် ၂၀၂၀ပြည့်နှစ်တွင် လူဦးရေသည် ၁၇၂သန်းအထိရှိမည်ဖြစ်ပြီး ၂၀၆၀ပြည့်နှစ်တွင် သန်း၂၁၀ရှိသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လူဦးရေမြင့်တက်မှုကို ထိန်းချုပ်ရေးမှာ နိုင်ငံအတွက်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပန်းချီဆွဲနေသောလင်းပိုင်

ပန်းချီ ရေးဆွဲနေသော လင်းပိုင်တစ်ကောင်ကို တွေ့ရခြင်းဖြစ်သည်။ (ယာပုံ)

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်ရှိ ပင်လယ်ရေသတ္တဝါများ ဥယျာဉ်တွင် လင်းပိုင်တစ်ကောင်သည် စုတ်တံကို ပါးစပ်ဖြင့်ကိုက်၍ ပန်းချီဆွဲနေသည်ကို တွေ့ရခြင်းဖြစ်သည်။

(အင်တာနက်)



မိကျောင်းပါးစပ်အတွင်း ဦးခေါင်းထည့်ပြသူ

မိကျောင်း ပါးစပ်အတွင်း ဦးခေါင်းထည့်ပြသူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် လူတစ်ဦးသည် လူအများ အာရုံစိုက်မှုရရှိအောင် မိကျောင်းပါးစပ်အတွင်းသို့ ဦးခေါင်းထည့်၍ အိပ်ပြနေခြင်း ဖြစ်သည်။

(အင်တာနက်)

မြန်မာဟော့ ပစ်တိုင်းထောင်

✧ ကိုယ်ပိုင်မြေ ဇာတိဖွားပါကွဲ့
ကပ်ပါးဘယ် မဟုတ်ပါဘူး
ခြေကုပ် ခိုင်ခိုင်ယူလို့
ကိုယ့်ပြည်သူ ကိုယ့်လူထုနဲ့
အားပြုတည်ထောင်၊
ရှည်သမိုင်းမှာလ
မိုက်ရိုင်းစွာလှုပ်ဆွနှိုးတာကြောင့်
ဖြစ်ပေါ်လာရေးအခင်း
ဖြေရှင်း ရင်ဆိုင်တွေ့
မြန်မာဟော့ ပစ်တိုင်းထောင်။

✧ အနှောင်ကင်း ပစ်တိုင်းထောင်
ပြုံးယောင်ယောင်မျက်နှာပေးနဲ့
ထူထူထောင် သူ့ဟန်ကလေးကိုလ
မကြိုက်ရေးချ မကြိုက်သူ
ငြူစူလို့ အကြံထုတ်၊
ဒီရုပ်နဲ့ ဒီအသွင်
မမြင်ချင် ချည်နှောင်တုပ်ပါလို့
ကြိုးရှုပ်အောင် တမင်လုပ်သော်လည်း
မထိပေါင်စတိုင်ထုတ်
သူ့ရဲ့ပြုံးရုပ်။ ။

ပျံလွှား

အောင်ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဇူလိုင် ၁၃

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံတပည့် နိုင်ငံကျော် ဓမ္မကထိက သာသနာ့ဟိတရေ ရွှေတံဆိပ်ဆုရ ဆရာကြီးဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း အထက်ဘလောက် အောင်ဓမ္မာရုံကြီး၌ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးတရားများကို ခန္ဓာ ဉာဏ်ရောက်သဘောပေါက်အောင် ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်၇ရက် (ဇူလိုင်၁၆ရက်) တနင်္ဂနွေနေ့မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း တစ်ပတ်လျှင် တစ်ရက် ည၇နာရီမှ ၉နာရီ အထိ ဝါတွင်း သုံးလပတ်လုံး ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို အောင်ဓမ္မာရုံကြီးသို့ လာရောက်၍ တရားဒေသနာ နာကြားနိုင်ကြောင်းသိရသည်။

(က-ပ)



သံအမတ်ကြီးဦးတင်ဦးအား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးတင်ဦးအား ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၈၄) ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၃

သုံးခွမြို့ အမှတ်(၂)ရပ်ကွက်ရှိ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၈၄)က ကြီးမှူးကျင်းပသော ၁၃၆၈ ခုနှစ် ဝါတွင်း (၃)လအထူးတရားစခန်းပွဲ များကို ဇူလိုင် ၁၂ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ တရားစခန်းပွဲတွင် ဓမ္မကထိက ဘဒ္ဒန္တ ကုဏ္ဍလက လည်းကောင်း၊ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ တရားစခန်းပွဲတွင် ဓမ္မကထိက ဘဒ္ဒန္တ ဓမ္မသာရ ကလည်းကောင်း၊ ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ တရားစခန်းပွဲတွင် ဓမ္မကထိက ဘဒ္ဒန္တ စန္ဒဝံသက လည်းကောင်း၊ ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ တရားစခန်းပွဲတွင် ဓမ္မကထိက ဘဒ္ဒန္တ အဂ္ဂဉာဏက လည်းကောင်း၊ စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ တရားခန်းပွဲတွင် ဓမ္မကထိက ဘဒ္ဒန္တ သံဝရက လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ တရားစခန်းပွဲတွင် ဓမ္မကထိက ဘဒ္ဒန္တ နန္ဒဝံသက လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်တရား၊ ဝိပဿနာအလုပ်ပေးတရားနှင့် သစ္စာလေးပါးတရားတို့ကိုဟောကြားပြသတော်မူကြမည် ဖြစ်သည်။

တရားစခန်းဝင်မည့် ယောဂီများသည် သုံးခွမြို့ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၈၄) သို့လည်းကောင်း၊ ဖုန်း- ၃၉၀၄၂၂ လိုင်းခွဲ ၂၃၃၄ နှင့် ၀၁-၂၄၄၆၂၂ တို့သို့လည်းကောင်း ကြိုတင် စာရင်းပေးနိုင်ကြောင်းနှင့် ဇူလိုင် ၁၂ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ဝါတွင်း(၃)လဖြစ်စေ၊ နှစ်သက်ရာ တရားစခန်းပွဲတွင် ဖြစ်စေ လာရောက် တရားအားထုတ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာချသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

စာချတန်းသုံး ခေတ်မီသင်ပြနည်းစနစ်ဖြင့် ဆိုရိုးစုံပြဓမ္မာစရိယ ကြေးမုံကျမ်းကိုမူထား၍ ဇူလိုင်၁၄ရက် ဝါဆိုလပြည့်ကျော်၅ရက်မှစ၍ ပါရာဇိကဏ်ကို မွန်းလွဲ၂နာရီမှ ညနေ၃နာရီ၊ သီလက္ခန်ကို ညနေ၃နာရီမှ ၄နာရီ၊ ပါစိတျာဒိဂုဏ်ထူးကို ညနေ၄နာရီမှ ၅နာရီအထိ နပသ၊ အဘိဓမ္မမဟာဌာန တွဲဖက်ပါမောက္ခ သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ပါဠိဂုဏ်ထူးဆရာကြီးဦးအောင်ခိုင်က ပို့ချမည်ဖြစ်ရာ ဗဟန်းမြို့နယ် ၃လမ်း တိုက်၃၁ အခန်း၂(ဘီ)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဗိုလ်တထောင် အထက(၄) ဝါဆိုသင်္ကန်းကပ်လှူပူဇော်

ရန်ကုန် ဇူလိုင် ၁၃

ဗိုလ်တထောင်မြို့နယ် အထက(၄)၏ (၄၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၆ ရက်က သီရိမာလာကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာမများက သင်္ကန်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းခဲ့ကြောင်းသိရသည်။ **(က-ပ)**

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် အမှတ် ၇၆ ဝင်ဒါမီယာ ရန်ကုန်မြို့နေ သီရိပုံချီစည်သူဦးသိမ်းတုတ်(အငြိမ်းစား-သံအမတ်ကြီး)မိသားစုနှင့် ခုနစ်ရက် သားသမီး ဓမ္မမိတ်ဆွေ အလှူရှင်များက အလှူတော်ငွေ ကျပ် ၇၈၁၅၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်တင်တင်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် မကွေးမြို့ အလယ်ရပ် (၂)လမ်း(တာ)ကွမ်းသီးရောင်းဝယ်ရေး အမှတ် (၄)က နေ ဦးမောင်မောင်တာ-ဒေါ်အေးအေးဝင်း မိသားစုနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများ (မကွေးတိုင်း)က အလှူတော်ငွေကျပ် ၄၃၇၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဘဏ္ဍာရေးမှူး ဒေါ်ခင်ညို(မြရိမွန်)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အင်တာနက် သတင်းနှင့်ဓာတ်ပုံများ

ပျက်စီးနေသောအာရုံကြောများကို ဖန်သားမျှင်များဖြင့်အစားထိုးနိုင်

အာရုံကြောများပျက်စီးယိုယွင်းမှုကို အထူးပြုလုပ်ထားသော ဖန်သားမျှင်လေးများဖြင့် အစားထိုးအသုံးပြုနိုင်ပြီဖြစ်ကြောင်း လန်ဒန်မြို့မှ သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။

အစားထိုးနိုင်

နဗ်ကြောဆဲလ်များ၏ ဖြစ်ထွန်းမှုနှင့် ပျက်စီးမှုများကို ဖန်သားမျှင်လေးများက မည်သို့ အစားထိုးကာကွယ်နိုင်မည်ကို သိပ္ပံပညာရှင်များက စနစ်တကျလေ့လာခဲ့ရာ အလွန်သေးမျှင်ပြီး အထူးစီမံထားသည့် ဖန်သားမျှင်လေးများဖြင့် ပျက်စီးသွားသော အာရုံကြောများကို အစားထိုးနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

လိုက်လျောညီထွေ

ထို့သို့ ဖန်သားမျှင်လေးများကို အစားထိုးအသုံးပြုခြင်းသည် ပျက်စီးသွားသော နဗ်ကြောဆဲလ်များကို ပြန်လည်အသစ်တိုးပွားစေအောင်လည်း အထောက်အကူပေးနိုင်ကြောင်း၊ အာရုံကြောစနစ် တစ်ခုလုံးနှင့်လည်း လိုက်လျောညီထွေစွာ ဟန်ချက်ညီညီဖြင့် လုပ်ငန်းတာဝန်များကို ပြုလုပ်နိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ဗြိတိန်နိုင်ငံတစ်ဝန်း ပြုလုပ်သည့် လက်တွေ့စမ်းသပ်မှုများမှ ယခုကဲ့သို့ နဗ်ကြောအစားထိုးနိုင်မှုကို ပြုလုပ်နိုင်ကြောင်း လန်ဒန်မြို့ သိပ္ပံပညာရှင်များအဖွဲ့မှ ပါမောက္ခ ဂျွန်ပရီစတီလေက ပြောကြားသည်။

အောင်မြင်မှု

ယခုကဲ့သို့ နဗ်ကြောများပျက်စီးမှုကို ဖန်သားမျှင်ဖြင့် အစားထိုးနိုင်မှုမှာ ပထမဦးစွာ တိရစ္ဆာန်များနှင့် စတင်စမ်းသပ်ခဲ့ကြောင်း သိရသည်။ ထိုသို့တိရစ္ဆာန်များ၏ နဗ်ကြောများကို အစားထိုးကုသခဲ့ရာ အောင်မြင်မှုများရရှိသဖြင့် လူများ၏ နဗ်ကြောပျက်စီးမှုကို ဖန်သားမျှင်များဖြင့် အစားထိုးကုသခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

(ကိုးကား-အင်တာနက်)

ကိုယ်အလေးချိန်များသူအမျိုးသမီးများရင်သားကင်ဆာပိုမိုဖြစ်ပွားနိုင်

ကိုယ်အလေးချိန် သာမန်ထက် များပြားသော အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ပွားမှု ပိုဖြစ်နိုင်ကြောင်း အမေရိကန်ရှိ သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

ပိုဖြစ်ပွားနိုင်

အမျိုးသမီးများအနေဖြင့် သာမန် ကိုယ်အလေးချိန်ထက် ၂၂ပေါင် ပိုမိုများပြားပါက ရင်သားကင်ဆာဖြစ်ပွားနိုင်မှု ၁၈ရာခိုင်နှုန်း ပိုမိုဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့ရာတွင် သာမန် ကိုယ်အလေးချိန်ထက် ၂၂ပေါင် လျော့နည်းသော အမျိုးသမီးများမှာ ရင်သားကင်ဆာဖြစ်ပွားမှု ၅၇ရာခိုင်နှုန်း လျော့နည်းစေကြောင်းလည်း အမေရိကန်သုတေသနပညာရှင်များက ဆက်လက် ပြောကြားသည်။

သေဆုံးသူ

ဗြိတိန်နိုင်ငံတွင် ရင်သားကင်ဆာ ဖြစ်ပွားသူနှစ်စဉ် ၄၁၀၀၀ခန့်ရှိရာ ၎င်းရောဂါဖြင့် သေဆုံးသူ ၁၃၀၀၀ခန့် ရှိကြောင်း သိရသည်။ အဆိုပါ သေဆုံးသူအမျိုးသမီးများမှာ ကိုယ်အလေးချိန် များလွန်းသော အသက် ၃၀မှ ၅၅နှစ် အကြား အမျိုးသမီးများဖြစ်ကြောင်း ဟားဗတ်ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောဆိုသည်။

(ကိုးကား-အင်တာနက်)

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ သစ်ပင်စိုက်ပျိုးရေးနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၂)တွင်ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အထူးအရာရှိ ဗိုလ်မှူးကြီးဝင်းမောင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရုံးအမှတ်(၂)ရှေ့ရှိ မြေကွက်လပ်တွင် သပြေပင်အား စိုက်ပျိုးသည်။ ဆက်လက်၍ အထူးအရာရှိနှင့် ဌာနဆိုင်ရာအကြီးအကဲများက အမှတ်တရ သစ်ပင်များကို အသီးသီးစိုက်ပျိုးကြသည်။ ထို့နောက် ဝန်ကြီး၊ အထူးအရာရှိနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ရုံးပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင် ရောနှော စိုက်ခင်းတွင် အမှုထမ်းများက သစ်ပင်စိုက်ပျိုးနေသည်တို့ကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးရေး အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် ဆည်အတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၂)ရှိ ဆည်အမှတ်(၁၄)တွင် ဆက်လက်ကျင်းပသည်။ ဝန်ကြီးမှ ဆည်အတွင်းသို့ ငါးမျိုးများကို စတင်ထည့်သွင်းပေးပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက ဆက်လက် ထည့်သွင်းပေးခဲ့သည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဝမ်းတွင်း ချည်မျှင်နှင့် အထည်စက်ရုံသို့ ရောက်ရှိလာပြီး စက်ရုံထုတ် အနံကြီးကွင်းကျယ် ချည်ချောလုံချည်များကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးကောင်းမွန်ပြီး အဆင်ဒီဇိုင်းလှပသော လုံချည်များ တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)သို့ရောက်ရှိကာ ရှေးဦးစွာ စက်ရုံထုတ်အထည်များနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရက်ကန်းဌာနသို့ရောက်ရှိပြီး ရက်ကန်းရက်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ တိုင်ချည်ရှည်လုပ်ငန်းကို လည်းကောင်း၊ ရက်ဖောက်ခြင်းနှင့် ပိတ်စစ်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံမှထုတ်လုပ်သော အထည်ဖြင့် ထုတ်လုပ်ထားသော အင်္ကျီအမျိုးမျိုး၊ ခေါင်းအုံးများနှင့် စက်ရုံ၏လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေသယ်ယာဉ်လှူဒါန်းပွဲ

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ညနေ ၃ နာရီခွဲတွင် မိတ္ထီလာစက်မှုဇုန်ခန်းမ၌ မိတ္ထီလာ စက်မှုဇုန်က သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဂါလန် ၁၁၀၀ ဆံ့ ရေသယ်ယာဉ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မိတ္ထီလာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်က ရေသယ်ယာဉ်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်သိန်းသို့ လွှဲအပ်သည်။

တီထွင်ကြံဆထုတ်လုပ်

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းက စက်အရန်ပစ္စည်းများကို တီထွင်ကြံဆ ထုတ်လုပ်သွားရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် မိတ္ထီလာ စက်မှုဇုန်ထုတ် လယ်ယာသုံး စက်ကိရိယာများကို လည်းကောင်း၊ ဂါလန် ၁၁၀၀ ဆံ့ ရေသယ်ယာဉ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ညနေပိုင်းတွင် ရမည်းသင်းမြို့ ရွှေဓားကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆပ်ပြာစက်ရုံ (ရမည်းသင်း)၌ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံကာ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဆပ်ပြာစက်ရုံ (ရမည်းသင်း)ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဇူလိုင် ၁၂ ရက်က သာသနာရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာကျောင်းသားငါးဦးအား မလေးရှား၌ ပညာသင်ဆည်းပူးရန် ပက်ထရိုနပ်စ်ရေနံကုမ္ပဏီပညာသင်ဆု ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီသည် မြန်မာကျောင်းသား ငါးဦးအား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးရန် ပညာသင်ဆု ချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် မြန်မာပက်ထရိုနပ်စ်ထရေဒင်းကုမ္ပဏီလီမိတက်မှ ဌာနေကိုယ်စားလှယ် Mr. Abu Baker Bin Salleh တို့က အမှာစကား ပြောကြားကြသည်။

တက်ရောက်

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာပက်ထရိုနပ်စ်ထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ပညာသင်ဆု ချီးမြှင့်ခြင်းခံရသည့် ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် စက်မှုအင်ဂျင်နီယာဘွဲ့ ခြောက်နှစ်သင်တန်း တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားလေးဦးနှင့် သတင်းအချက်အလက် နည်းပညာဘွဲ့ ငါးနှစ်ခွဲ သင်တန်း တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားတစ်ဦးတို့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပညာသင်ဆုများကို ချီးမြှင့်သည်။ ပညာသင်ဆုသည် ကျောင်းသားများ၏ ပညာသင်ကြားမှုစရိတ်များကို ကျခံပေးမည်ဖြစ်ပြီး ကျောင်းသားများ အနေဖြင့် ပညာသင်ကာလပြီးဆုံးသည့်အခါ နိုင်ငံတော်အစိုးရ (စွမ်းအင်ဝန်ကြီးဌာန)၌ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီမှ ယခုကဲ့သို့ မြန်မာကျောင်းသားများအား ပညာသင်ဆု ချီးမြှင့်ခြင်းသည် တတိယအကြိမ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထက(၁)အင်းစိန်၌ ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကျန်းမာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်နှင့် ကျန်းမာရေး ပညာပေးအဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အကြိုဆန်းစစ်ခြင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်သက်မြိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးတို့က ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် အပြီးသတ် ဆန်းစစ်ခြင်းတို့ကို လည်းကောင်း ဆောင်ရွက်ကာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ် **(အပေါ်ပုံ)**က ဆုများချီးမြှင့်၍ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ် စာအောင်သံဃာဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း ဆုတောင်းပြည့်ကျောင်းတိုက် ပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တ သုမနာနန္ဒ မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတနှင့် နာယက စာချ၊ စာသင်သံဃာတော်များအား ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် ဆုတောင်းပြည့်ကျောင်းတိုက်မှ အစိုးရပါဠိပထမပြန် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကို အကျိုးတော်ဆောင်အဖွဲ့နှင့်ဆုတောင်းပြည့်ဒါယကာဒါယိကာမများက ဇူလိုင် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၂၈၀၃၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်း

ရန်ကုန် ဇူလိုင် ၁၃

စစ်တောင်းမြစ်ရေသည်ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မိဘဂုဏ်ရည်သွေးလှူရှင်များ သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန် ကလေးဆေးရုံကြီးသို့ သွေးသွင်းကုသရေး ကော်မတီမှ စည်းရုံးလှုပ်ရှားမှု တစ်ရပ်အနေနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ကိုယ်စားပြု မြန်မာနိုင်ငံ မိဘဂုဏ်ရည် သွေးလှူရှင်များအဖွဲ့က စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့တွင် သွေးလှူရှင်အင်အား ၅၀ ဖြင့် ရန်ကုန်ကလေးဆေးရုံကြီး သွေးလှူဘဏ်သို့ လာရောက်သွေးလှူဒါန်းကြသည်။ **(ဓါတ်ပုံ)**

ယင်း သွေးလှူရှင်များအတွက် လိုအပ်သော အကူအညီအထောက်အပံ့များကို ဦးသူရိန်မြင့်ရွှေ၊ ဒေါ်စန္ဒာတင်ထွန်း မိသားစု (ဇော်ဂျီပရီးမီးယားကုမ္ပဏီလီမိတက်)က တာဝန်ယူလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

● *ကျောဖုံးမှ*

အဆင့်အတန်း မြင့်မားသည့် ပန်းချီကားများကို စုစည်းပြီး **"အေးရိပ် ပန်းချီပြပွဲ"**ဟု အမည်ပေးထားသည့် အင်းစိန်မြို့နယ်မှ ပန်းချီပညာရှင်များ၏နဝမကြိမ်မြောက်ပန်းချီပြပွဲခင်းကျင်း ပြသထားရာ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင် များအစည်းအရုံး (ဗဟို) ပြခန်းသို့ အနုပညာ လေ့လာရေး တစ်ခေါက် ရောက်ခဲ့ရပြန်သည်။

စိတ်အေးချမ်းမှု

ဇူလိုင် ၁၂ရက်မှ ၁၈ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့်**"အေးရိပ် ပန်းချီပြပွဲ"**တွင် ပန်းချီကားစုစုပေါင်း ၇၇ကားကိုပြသထားရာ ပန်းချီကားပြပွဲ အမည်နှင့်လိုက်အောင်ပင် စိတ်အေး ချမ်းမှုကိုပေးစွမ်းနိုင်သည့် ပန်းချီကား ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

ဖော်ကျူးထား

ပထမဦးစွာ ပန်းချီဆရာမြတင်၏ **"သာသနအမွေခံ"**ဟု အမည်ပေးထား သောပန်းချီကားကို လေ့လာမိသည်။ ဆီဆေးဖြင့် ကင်းပတ်ပေါ်တွင်ရေးဆွဲ ထားခြင်းဖြစ်ပြီး ကိုရင်လေးနှစ်ပါး၏ ဟန်ပန်ကို သဘာဝအတိုင်း ခြယ်မှုန်း ထားခြင်းဖြစ်သည်။ တောင်ကြီးမြို့ အနီးမွေတော်ကက္ကူဘုရား၏ တန် ဆောင်တိုင်ပွဲတော်တွင် သွားလာနေ သော နံနက်ပိုင်း မြင်ကွင်းအဖြစ် ကိုရင်လေးနှစ်ပါး မုန့်လေပွေများကိုင် ဆောင်ကာလမ်းလျှောက်ရင်းစားသွား နေပုံ ဖြစ်သည်။ အပူရောင်အားများပြီး အပြာရောင်အုပ်စုမှ အရောင်များဖြင့် ပေါင်းစပ်ကာ စုတ်ချက်သွက်သွက်ဖြင့် ရေးဆွဲထားရာ ကိုရင်လေးများ၏ သဘာဝဟန်ပန်ကို ပို၍ ပေါ်လွင်စေ သည်။ နောင်တစ်ချိန်သာသနာတာဝန် ကို လက်ဆင့်ကမ်း ထမ်းဆောင်ကြ မည့် ကိုရင်လေးများ၏ ဘဝကို ဖော်ကျူးထားခြင်းဖြစ်သည်။

အမြင်ဆန်း

နောက်ပန်းချီကားမှာကိုကိုအောင် ၏ **"ရှင်ပြုနားသ ပြင်ဆင်ချိန်"** ဟု အမည်ပေးထားသော ပန်းချီကားဖြစ် သည်။ အညာဒေသ ကျေးလက် တစ်ခု တွင် ရှင်ပြုနားသပွဲ မကျင်းပမီ ရှင်လောင်းလှည့်ရန်ပြင်ဆင်နေကြပုံ ဖြစ်သည်။ ယနေ့ခေတ်တွင် နားသ ခြင်း မင်္ဂလာပြုလုပ်မှုအားနည်းလာ သည်ကို ပန်းချီဆရာက အနုပညာ ဖြင့် သတိပေးထားခြင်းဖြစ်သည်။ တဲအိမ်လေးပေါ်တွင် အလင်းရောင်ကျ နေပုံ နားသမင်္ဂလာပြုလုပ်မည့် မိန်း ကလေးငယ်လေးများ၏ အဝတ်အစား ဟန်ပန်ကို ပြေပြစ်သော အရောင်များ ဖြင့် ဖွဲ့စည်းကာ လက်စွမ်းပြထား သည်မှာ ရိုးစင်းသော်လည်း အမြင် ဆန်းနေသည်။

ပန်းချီကားတစ်ချပ်သည် ရသမျိုး စုံကိုပေးစွမ်းနိုင်သည်ဟု ဆိုရိုးရှိခဲ့ရာ ပန်းချီဆရာ မောင်ကျော်ခေါင်၏ **"အိပ်မက်နှင်းဆီ"**ဟု အမည်ပေးထား သည့် ပန်းချီကားမှာလည်း အတွေးမျိုး စုံ၊ ရသမျိုးစုံကို ပေးစွမ်းနိုင်သည်ကို တွေ့ရသည်။ ပန်းချီပြပွဲ ကတ်တ လောက်ပေါ်တွင် နှင်းဆီနီတစ်စည်း တင်ထားပြီး ကြွေရေနွေးခရား မှောက် ထားသော ခွက်နှင့် ပန်းကန်တစ်စုံတို့ ကို ပေါင်းစပ်ကာ ပန်းချီကား တစ်ချပ် အဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ နှင်းဆီပွင့်ရဲရဲကို ဘေးမှ အရောင် ပျော့ပျော့များသုံးထားသဖြင့် ပေါ်လွင် လျက်ရှိပြီး တကယ့် နှင်းဆီပွင့် တစ်စည်းချထားသည့်နှယ် အလင်း ရောင်အဝင်အထွက်၊ ရုပ်ဝတ္ထုဖွဲ့စည်း မှုနှင့် အရောင်ရွေးချယ်မှု၊ ညက်ညော သော ရေးဆွဲဟန်များက ပန်းချီကားကို ရုပ်လုံးကြွစေလျက်ရှိသည်။

အညာဒေသ

တစ်ဖန်ထွန်းရွှေ၏**"လှည်းစခန်း"** အမည်ရှိ ပန်းချီကားမှာ အညာဒေသ တစ်နေရာ၏ လှည်းစခန်းချရာ နေရာ တစ်ခုကို ပကတိအမြင်အတိုင်း ရေးဆွဲ တင်ပြထား ခြင်းဖြစ်သည်။ ဆီဆေး ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး အညာ ဒေသ လှည်းဖြင့် ခရီးသွားရသူများ အဖို့ ပူပြင်းသည့် အချိန်တွင် အရိပ် ရှိရာ၌ လှည်းစခန်းချပုံ၊ အရိပ်အာဝါသ ၏တန်ဖိုးရှိပုံများကို အပူရောင်များများ သုံးပြီး လိမ္မော်၊အဝါ၊အညို၊ အနက်များ ဖြင့် စနစ်တကျ ပေါင်းစပ်ခြယ်မှုန်း ထားခြင်းဖြစ်သည်။ အပူရောင်များကို စုတ်ချက်နုနုဖြင့် တင်ပြထားပုံမှာ စွဲငြိ စရာ ကောင်းလှသည်။

ပိုင်ပိုင်နိုင်နိုင်

ဟန်တင့်ဆွေ၏ **"ငှက်ပျောပွဲရုံ"** ပန်းချီကား အမြင်အာရုံကို ဖမ်းစားလှ သည်။ မင်းလတ်မြို့ရှိ ငှက်ပျောပွဲရုံ တစ်ခု၏ ရှေ့ဘက်မြင်ကွင်းဖြစ်သည်။ ငှက်ပျောခိုင်များကို မော်တော်ကား ပေါ်တင်နေပုံတွင် အလုပ်သမားများ၊ ငှက်ပျောခိုင်များနှင့် မော်တော်ယာဉ် တို့ကို အစိမ်းရောင်လွှမ်းပြီး အားပါ သော စုတ်ချက်ဖြင့် ပိုင်ပိုင်နိုင်နိုင် ရေးဆွဲထားပုံမှာ ရုပ်ဝတ္ထုတစ်ခုချင်း၌ အသက်ဝင်လျက်ရှိသည်။ ငှက်ပျောပွဲ ရုံ အလုပ်သမားတို့၏ဘဝကို ထင်းခနဲ ဖော်ပြနိုင်ပေသည်။

ဟန်တင်ဆွေ၏ ငှက်ပျောပွဲရုံ ပန်းချီကားမှာ အလုပ်သမားတို့၏ ဘဝကို ထင်းခနဲ ဖော်ပြနိုင်သည်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

အမြင်ရှင်

ထို့အပြင် ပန်းချီဆရာ အိမ်အေး ကျော်၏ **"နေဝင်ချိန်"** ပန်းချီကားမှာ အခရိုင်းလစ်ဆေးဖြင့် ကင်းပတ်ပေါ် တွင် အရောင်ရဲရဲ၊ စုတ်ချက်ရဲရဲဖြင့် နေဝင်ချိန်ရေပြင်တွင် အရောင်ပြန်နေပုံ ကိုဖော်ကျူးထားရာ ထိထိမိမိ ရှိလှ သည်။ အတွေးအခေါ် ကောင်းပြီး အမြင်ရှင်းအောင် ရေးဆွဲနိုင်သည်။

"ဝိညာဉ်မဲ့လှေ" အမည်ရှိ ပန်းချီ ကားမှာ ဇေဇေ၏လက်ရာ ဖြစ်သည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် မဂ္ဂင်ဖောင်အဖြစ်လှေကို အမွမ်းတင် ရေးဆွဲထားခြင်းဖြစ်သည်။ လောကီ တွင်ရေလမ်းခရီးသွားပါက လှေအရေး ကြီးသလို နိဗ္ဗာန်လမ်းသို့သွားရာတွင် လည်း မဂ္ဂင်တရားသည် လှေကဲ့သို့ အရေးပါပုံကို သတိပေး ညွှန်ပြထား ခြင်းဖြစ်သည်။ ဆီဆေးအသုံးပြုထား သဖြင့် ပီဘိလှေတစ်စင်းကို မြင်တွေ့ ရဘိသကဲ့သို့ မြင်တွေ့ရသည်။



ပန်းချီဆရာ မြတင်၏ သာသနအမွေခံဟု အမည်ပေးထားသော ပန်းချီကားမှာ ကိုရင်ကလေးများ၏ဘဝကို ဖော်ကျူးပြနိုင်သည်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

ပန်းချီဆရာ မောင်ကျော်ခေါင်၏ အိပ်မက်နှင်းဆီ ပန်းချီကားမှာလည်း ရေးဆွဲဟန်များက ရုပ်လုံးကြွလျက်ရှိသည်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

ဝိညာဉ်မဲ့လှေ အမည်ရှိ ပန်းချီကားမှာ ဇေဇေ၏ ဆီဆေးပန်းချီလက်ရာ ဖြစ်၍ ပီဘိလှေတစ်စင်းကို အသက်သွင်းထားသကဲ့သို့ရှိသည်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

လေ့လာသင့်

ထို့ကြောင့် အေးရိပ်ပန်းချီပြပွဲ ဟူသောအမည်နှင့် လိုက်ဖက်အောင် ခင်းကျင်းပြသထားသောပန်းချီပြပွဲသို့ ရသစုံစုံ၊ အသွင်ဆန်းဆန်းပန်းချီဆရာ များ၏ လက်ရာများကို ခံစားမြင်တွေ့ နိုင်ကြရန် သွားရောက်လေ့လာသင့်ကြ ပါကြောင်း သတင်းစကား ရေးသား လိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

အညာလေ့ဖြစ်သည့် လှည်းစခန်းချရာ နေရာတစ်ခုကို ရေးဆွဲထားသော ထွန်းရွှေ၏ လှည်းစခန်း ပန်းချီ။ (ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ စာကြည့်တိုက် အသင်း၏ တတိယအကြိမ် ညီလာခံကို ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဘက်စုံ ခန်းမ၌ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး အသင်းသား အသင်းသူများထံ ဖိတ်စာများကို ပေးပို့လျက်ရှိရာ အချိန်မီမရရှိပါကလည်း အသင်း သား အသင်းသူများ စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြား ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းသုံးစာရေးကိရိယာ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း၏ ဦးဆောင်မှုဖြင့် ဗျိုင်း ရေအိုးစင်ကွက်သစ်ရပ်ကွက် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ အမက (၁၄)နှင့် အမက (၃၄)ကျောင်း များသို့ ကျောင်းသုံးစာရေးကိရိယာ များလှူဒါန်း မှုကို ဇူလိုင် ၁၁ ရက်က အမက (၁၄) ကျောင်း၌ကျင်းပရာ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းခွဲ ဥက္ကဋ္ဌက လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံး စာရေးကိရိယာများကို ကျောင်းအုပ် ဆရာမကြီးများထံ ပေးအပ်လှူဒါန်း ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၄–၇–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇော တိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေး မင်္ဂလာတေး
၇:၅၀	၅။	အကပြိုင်ပွဲ
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၀	၇။	အတီးပြိုင်ပွဲ
၈:၂၀	၈။	သင်ပုန်းရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင် အထူးပြု) (ရက္ခဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀	၇။	အကပြိုင်ပွဲ
၁၇:၃၅	၈။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၉။	**"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇:၅၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း–၆)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း–၂)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဘယ်သူဖျက်ဖျက် မပျက်နိုင်တဲ့ငြိမ်းချမ်းရေး

ပြီးခဲ့သည့် ဇွန်လ ၁၁ရက်နေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ ကရင်ပြည်နယ်သို့ သွားရောက်လေ့လာကြသည့် သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများအား ဒေသခံတိုင်းရင်းသားခေါင်းဆောင်များက ရှင်းလင်းပြောကြားခဲ့သည့် သတင်းမြင်ကွင်းကို ရုပ်မြင်သံကြားမှ လည်းကောင်း၊ သတင်းစာများမှ လည်းကောင်း မြင်တွေ့ကြားသိခဲ့ရပါသည်။

မြိုင်ကြီးငူအထူးဒေသမှ ဦးသာထူးကျော်၊ ငြိမ်းချမ်းရေးမြို့သစ် ဘုရားကုန်းမှ ဖဒိုဦးအောင်ဆန်း၊ ဟောင်သရောဒေသ ငြိမ်းချမ်းရေးအဖွဲ့မှ ဦးစောသမူဟဲတို့က ၎င်းတို့အဖွဲ့အသီးသီး KNUမှ ခွဲထွက်လာရခြင်းအကြောင်းရင်းများ၊ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ပုံများ၊ နိုင်ငံတော်က ၎င်းတို့အဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီထောက်ပံ့မှုများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပုံများကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခဲ့ကြခြင်း ဖြစ်ပါသည်။

DKBAအဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်က “KNUဟာ ၁၉၄၉ ခုနှစ်ကစပြီးတော့ လက်နက်ကိုင်ဆူပူမှုကို စတင်ဆောင်ရွက်ခဲ့တာဖြစ်တယ်။ သူတို့ပြောချက်အရဆိုရင် လူမျိုးရေးကောင်းစားရေး၊ ကရင်ပြည်နယ်ရရှိရေး၊ ကရင့်အရေးကို ကရင်တွေ ဆုံးဖြတ်ဖို့ပါခဲ့တယ်။ ကျွန်တော်လည်း KNUမှာ အနှစ် ၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေအတွက် ဘာတစ်ခုမျှ မလုပ်ပေးနိုင်ပါဘူး။ တစ်ချိန်က ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ KNU လှုပ်ရှားခဲ့တယ်။ အဲဒီအချိန်မှာ ကရင်လူမျိုးတွေ ကောင်းစားတာ မတွေ့ရပါဘူး။ ဒီကနေ့ မြစ်ဝကျွန်းပေါ်ဒေသမှာ KNU တွေ မရှိတဲ့အတွက် အဲဒီမှာရှိတဲ့ ကရင်လူထုဟာ အများကြီးကောင်းစားတယ်လို့ ကျွန်တော်တို့ ဆက်သွယ်လို့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒုက္ခရောက်နေတယ်ဆိုတာ တစ်ခုခုတော့ မှားနေပြီလို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံတော်အစိုးရနဲ့ ပူးတွဲပြီးတော့ ငြိမ်းချမ်းရေးလုပ်မယ်၊ ဒေသဖွံ့ဖြိုးရေးလုပ်မယ်၊ ဆရာတော်ရဲ့အဆုံးအမကို နာခံပြီးတော့ ဘာသာသာသနာတည်တံ့ဖို့ လုပ်မယ်ဆိုပြီး ဆုံးဖြတ်ပြီးတော့ DKBAဖွဲ့စည်းတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ DKBA အဖွဲ့က ၂၁-၁၂-၁၉၉၄ ရက်နေ့က နိုင်ငံတော်နဲ့ငြိမ်းချမ်းရေးအတွက် ပူးပေါင်းခဲ့တာဖြစ်တယ်” ဟူ၍ ရှင်းလင်းပြောကြားသွားပါသည်။

ကရင်ပြည်နယ် ငြိမ်းချမ်းရေးမြို့သစ် ဘုရားကုန်းမှ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဖဒိုဦးအောင်ဆန်းကလည်း “၁၉၉၂ခုနှစ် ဧပြီလမှာပဲ တပ်မတော်ကနေပြီးတော့ တိုင်းရင်းသားများ ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကရင်ပြည်နယ်မှာ ထိုးစစ်အားလုံးကို ရပ်ဆိုင်းလိုက်ပါတယ်။ ၁၉၉၂ ခုနှစ် အခြေအနေကို ပြောရမယ်ဆိုလို့ရှိရင် ၁၉၈၈ ခုနှစ်ကစပြီးတော့ KNU က အခိုင်အမာ ဆောက်ထားတဲ့ တကယ့်စခန်းကြီးတွေကို မဲသဝေါ၊ မဲထရီ၊မော်ဘိုးကော၊ မဲလ၊ ရေကျော်၊ ဝါးခဟောင်း၊ ဖလူး၊ ဝေါလေ စတဲ့စခန်းများဟာ အားလုံး လက်လွှတ်ရတယ်။ နောက်ပြီးတော့လည်း ကျန်ရစ်ခဲ့တဲ့ KNU ဗဟိုဌာနချုပ်မာနယ်ပလောနဲ့ ဝါးခသစ်၊ ကော့မူးရာစခန်းကိုလည်း တပ်မတော်က ချဉ်းကပ်ပြီးတော့မှ တိုက်နေတယ်။ အဲဒီလို အခြေအနေရှိနေပြီးတော့မှ တပ်မတော်က ကရင်ပြည်နယ်အတွင်း ထိုးစစ်အားလုံး ရပ်ဆိုင်းတယ်ဆိုတာက ကျွန်တော့်အတွက် မယုံနိုင်လောက်အောင်ဖြစ်နေတယ်။ ၁၉၉၃ခုနှစ် နိုဝင်ဘာလအတွင်းမှာပဲ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်အတွင်းမှာ ဒေသခံပြည်သူလူထုတွေ တက်ရောက်တဲ့ အခမ်းအနားမှာ နိုင်ငံတော်က KNU အပါအဝင် တောတွင်းလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးဆွေးနွေးဖို့ တရားဝင် ဖိတ်ခေါ်ခဲ့ပြန်တယ်။ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုကလည်း ဒါကတော့ ငြိမ်းချမ်းရေးရဖို့ နည်းလမ်းပဲ ဆိုပြီးတော့မှ ပြည်သူလူထုအတွင်းမှာ ငြိမ်းချမ်းရေးရလိုတဲ့စိတ်ဟာ ပေါ်ပေါက်လာတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ မျှော်လင့်ထားတဲ့ ငြိမ်းချမ်းရေးဟာ မရရှိခဲ့ပါဘူး။ ကျွန်တော့်အမြင်၊ ကျွန်တော့် သဘောထားကတော့ အကယ်၍ စစ်သာဆက်တိုက်မယ်ဆိုလို့ရှိရင် ကရင်တိုင်းရင်းသားနဲ့ ကရင်ပြည်နယ်သူ ပြည်နယ်သားတွေပဲ ဒုက္ခရောက်ကြမယ်။ အခုစစ်ပွဲကြောင့် ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ ဖွံ့ဖြိုးရေးမှာ အများကြီး နောက်ကျခဲ့တယ်။ ကျွန်တော် KNU ဗဟိုဌာနချုပ်မှာ နေတုန်းက ငြိမ်းချမ်းရေးရယူတဲ့ ပြည်နယ်တွေ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တိုင်းက ဒေသတွေမှာအတော့်ကို ဖွံ့ဖြိုးတိုးတက်နေပြီဆိုတာ မြန်မာ့ရုပ်မြင်သံကြားကနေပြီးတော့မှ တွေ့ရတယ်၊ ကြားရတယ်။ ဒါကြောင့်မို့ KNU ဘာကြောင့် ငြိမ်းချမ်းရေး မရယူရတာလဲ၊ အဲဒါကို ကျွန်တော် မကျေနပ်ဘူး။ ကျွန်တော်မကျေနပ်တော့ ကျွန်တော်ခွဲထွက်လာပြီးတော့မှ၊ ငြိမ်းချမ်းရေးကိုပြန်လာယူပြီးတော့မှ နိုင်ငံတော်အစိုးရရဲ့ အေးမြတဲ့ အရိပ်အာဝါသအောက်မှာ ပြန်လည်ခိုလှုံခဲ့တယ်”ဟူ၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့အတူ ကရင်ပြည်နယ်ဟောင်သရောဒေသ ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစောသမူဟဲကလည်း “ကျွန်တော်က ဘာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်တာလဲဆိုတော့ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး ကမ်းလှမ်းထားတယ်၊ ကရင်ပြည်နယ် အပစ်အခတ်ရပ်စဲဖို့ ကမ်းလှမ်းထားတယ်။ ကျွန်တော်သိတာက ၁၉၉၂ခုနှစ် ဧပြီလ ၂၈ရက်မှာ နိုင်ငံတော်က ကရင်ပြည်နယ် စစ်ဆင်ရေးထိုးဖို့ ရပ်ဆိုင်းထားတယ်။ ရပ်ဆိုင်းပေမယ့်လည်း KNU ခေါင်းဆောင်တွေက လုံးဝလက်မခံချင်တဲ့ သဘောဖြစ်တာပေါ့။ အဲဒီတော့ ကျွန်တော်လည်း ခဏခဏမေးတာပေါ့။ ငြိမ်းချမ်းရေးကမ်းလှမ်းတာ မလုပ်ဘူးလား၊ မလုပ်တော့မဖြစ်ဘူး။ အစိုးရကမ်းလှမ်းတာ ဒီလောက်တောင်ကြာနေပြီ၊ မလုပ်ဘူးလားဆိုတော့ ကျွန်တော်လည်းဘယ်ထူးမှာလဲ။ နိုင်ငံတော်အစိုးရနဲ့ လက်နက်နဲ့ငြိမ်းချမ်းရေးလုပ်ပြီး နောက်ပိုင်းမှာ နိုင်ငံတော်အကြီးအကဲတွေက ကျွန်တော်တို့ကို တော်တော်များများ ပံ့ပိုးပေးတယ်”ဟူ၍ ရှင်းလင်းပြောကြားသွားပါသည်။

အဆိုပါဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၏ နိုင်ငံတော်နှင့် လက်တွဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ရခြင်း အကြောင်းရင်းများကို ဆန်းစစ်ကြည့်လျှင် ယနေ့မြန်မာနိုင်ငံ၌ တပ်မတော်အစိုးရက အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ရိုးသားဖြူစင်သော စိတ်ရင်းစေတနာမှန်ဖြင့် မဖြစ်မနေ ကြိုးပမ်းဖော်ဆောင်နေကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ စိတ်ရှည်၊ သည်းခံ၊ ဖွဲလုံ့လ ထက်သန်စွာဖြင့် အားထုတ်လုပ်ဆောင်နေကြောင်း သိသာထင်ရှားလှပါသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဖော်ဆောင်နိုင်မှု၏ အကျိုးဆက်အဖြစ် အချို့သော နယ်စပ်ဒေသမှအပ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိခံစားနေရကြောင်းကိုလည်း အားလုံး ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပါသည်။

DKBA အဖွဲ့သည် ၂၁-၁၂-၁၉၉၄ ရက်နေ့က KNU မှ အဖွဲ့ဝင်အင်အား ၅၀၀၀ခန့်ဖြင့် ခွဲထွက်လာပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ ဦးစောသမူဟဲ ဦးစီးသော KNU တပ်မဟာ(၆) တပ်ရင်း(၁၆)သည် ၂၄-၂-၁၉၉၇ ရက်နေ့တွင် တပ်ဖွဲ့ဝင် ၄၉၆ဦး၊ လက်နက်မျိုးစုံ ၂၈၃ လက်ဖြင့် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ခြင်းဖြစ်ပါသည်။ KNU ဗဟိုကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သော ဖဒိုဦးအောင်ဆန်းသည် ၁၇-၄-၁၉၉၈ ရက်နေ့တွင် အဖွဲ့ဝင်၂၁၃ဦး၊ လက်နက်မျိုးစုံ၅၁လက်ဖြင့် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက DKBA အဖွဲ့အား မြိုင်ကြီးငူအထူးဒေသတွင်လည်းကောင်း၊ ဦးစောသမူဟဲအဖွဲ့အား ဟောင်သရောဒေသတွင်လည်းကောင်း၊ ဖဒိုဦးအောင်ဆန်းအဖွဲ့အား ဘုရားကုန်းဒေသတွင်လည်းကောင်း အခြေကျနေထိုင်နိုင်ရန် နေရာချထားပေးပြီး စီးပွားရေး၊ လူမှုရေး ကူညီထောက်ပံ့မှုများ စီစဉ်ပေးထားပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် စဉ်ဆက်မပြတ် အားပေးကူညီလျက်ရှိပါသည်။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့လည်း တိုင်းရင်းသားကိုယ်စားလှယ်များအဖြစ် ဖိတ်ကြားတက်ရောက်စေပြီး တစ်နိုင်ငံလုံးမှ ညီလာခံကိုယ်စားလှယ်များနှင့်အတူ အနာဂတ်နိုင်ငံတော်၏ အရေးကိစ္စများကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးချမှတ်လျက်ရှိနေကြပြီဖြစ်ပါသည်။

ဖော်ပြပါ သတင်းမြင်ကွင်းများကို မြင်တွေ့ကြားသိရပြီးနောက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်အောင်မြင်မှုများကို အချိန်ယူပြီး ပြန်လည် လေ့လာခဲ့မိပါသည်။

စိုးမြကျော်နှင့် စောမြအောင်

ထောက်ပံ့ငွေပေးအပ်

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးအဖွဲ့အတွက် ထောက်ပံ့ငွေများ ဤသို့ ပေးအပ်ခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့က ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းအမှတ်(၂၆)မှ သင်တန်းသားသင်တန်းသူများအား ဩဝါဒစကား မြွက်ကြားခဲ့ရာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အထူးတလည် မိန့်ကြားခဲ့ပါသည်-

“ဒီနေ့တိုင်းရင်းသားတွေရဲ့အခြေအနေကို ကြည့်မယ်ဆိုရင် တိုင်းရင်းသားတွေဟာ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျ ကျန်ရစ်ခဲ့တာတွေ ရှိပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် တိုင်းပြည်မှာ ဆူပူသောင်းကျန်းမှုတွေဖြစ်ခဲ့ရာမှာ အတွင်းပိုင်းဒေသတွေ အေးချမ်းသွားသော်လည်းပဲ နယ်စပ်ဒေသ အစွန်အဖျားမှာရှိတဲ့ ဒေသတွေက မအေးချမ်းဘဲကျန်ခဲ့တဲ့အတွက် တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ဖို့ဆိုတာ အခက်အခဲတစ်ရပ် ဖြစ်ခဲ့တယ်။

“ဒီအပေါ်မှာ အကြောင်းပြုပြီးတော့ သူတို့ရဲ့ လမ်းပန်းဆက်သွယ်မှုတွေ ကောင်းအောင်မလုပ်နိုင်ဘူး၊ ပညာရေးဖွံ့ဖြိုးတိုးတက်အောင် သင်ကြားပေးဖို့ဆိုတာလည်း မဖြစ်နိုင်ခဲ့ဘူး၊ အတွင်းပိုင်း ဒေသတွေက ထိုက်သင့်သလောက် တိုးတက်မှုရှိသော်လည်း နယ်စပ် ဒေသတွေဟာ အသိပညာကအစ နောက်ကျကျန်ခဲ့တဲ့အတွက် အတွင်းပိုင်းဒေသတွေကို မြန်မြန်ထက်ထက် မီအောင်လုပ်ဖို့ လိုလာတယ်။ ဒီလိုယုံကြည်ချက်နဲ့ အခု နိုင်ငံတော်အစိုးရ တက်လာတဲ့အချိန်မှာ စတင်ပြီးတော့ ပြည်နယ်တွေကို အေးချမ်းအောင်လုပ်တယ်၊ မအေးချမ်းလို့ရှိရင်တော့ ဘာမှလုပ်လို့မရဘူး။

“အေးချမ်းအောင်လုပ်တဲ့ နေရာမှာ ဒို့ခေတ်မှာ ပုံစံပြောင်းပြီး တခြားခေတ်များနဲ့မတူဘဲ တော်တော်လေး လိုက်လိုက်လျောလျောနဲ့ လုပ်ခဲ့ပါတယ်။ လုပ်ခဲ့တဲ့အတွက်ကြောင့် ဒီနေ့ဆိုရင် အဖွဲ့(၁၃)ဖွဲ့ဟာ ဒို့နဲ့ နားလည်မှုရပြီးတော့ ပူးပေါင်းဆောင်ရွက်နေကြတယ်။ တချို့အဖွဲ့တွေကတော့ နည်းနည်းပါးပါးကျန်တယ်။ သူတို့တစ်တွေဟာ ကြည်ကြည်ဖြူဖြူ မှန်မှန်ကန်ကန်စေတနာနဲ့ တရားဥပဒေဘောင်အတွင်း လာကြမယ်ဆိုရင် ဒို့တစ်တွေက အမြဲတမ်း ကြိုဆိုနေတယ်ဆိုတဲ့ အနေ

အထားမှာရှိတယ်။ တိုင်းရင်းသားတွေအားလုံး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ ပေါင်းသင်းနေထိုင်ဆက်ဆံမှ ဒို့ပြည်ထောင်စုကြီးဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာမယ်”

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အထက်ပါ ဩဝါဒစကားများကို ရေဒီယိုမှလည်း အသံလွှင့်ခဲ့ရာ တစ်နိုင်ငံလုံးမှ နားဆင်ခဲ့ကြရပါသည်။ KNU ငယ်သားအချို့သည် ဗိုလ်ချုပ်မှူးကြီး၏ မိန့်ခွန်းကို သဘောကျနှစ်ခြိုက်သဖြင့် ၎င်းတို့၏လူကြီးပိုင်းကို ကန့်ကွက်ပြောဆိုမှုများ ပေါ်ပေါက်ခဲ့ကြပါသည်။ နောက်တစ်လခန့်အကြာ ၂၁–၃–၁၉၉၅ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (°KNPP°) သည် အင်အား ၇၇၉၀၊ လက်နက်မျိုးစုံ ၈၉၃၆ လက်ဖြင့် တရားဥပဒေဘောင်အတွင်းသို့ (၁၄)ဖွဲ့မြောက်သောအဖွဲ့အဖြစ် ဝင်ရောက်လာခဲ့ပါသည်။ နောက်လေးလခန့်အကြာ ၂၉–၆–၁၉၉၅ ရက်နေ့တွင် ဦးနိုင်ရွှေကျင် ဦးစီးသော မွန်ပြည်သစ်ပါတီ (°NMSP°)လည်း ဥပဒေဘောင်အတွင်းသို့ ဆက်လက်ဝင်ရောက်လာခဲ့ပါသည်။ KNU တပ်မဟာ(၆) တပ်ရင်း(၁၆)မှ တပ်ဖွဲ့ဝင်များကလည်း ဗိုလ်ချုပ်မှူးကြီး ဩဝါဒစကားကို အလေးအနက်သုံးသပ်ခဲ့ကြပါသည်။ ငြိမ်းချမ်းရေးရရှိသွားသော နယ်မြေဒေသများ၏ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာပုံများကိုလည်း အားကျခဲ့ကြပါသည်။ ဤသို့ဖြင့် °KNU တပ်မဟာ(၆) တပ်ရင်း(၁၆) တပ်ရင်းမှူး ဦးစောသမူဟဲ ဦးဆောင်ပြီး ၂၄–၂–၁၉၉၇ ရက်နေ့တွင် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ခြင်း ဖြစ်ပါသည်။

တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့၌ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရချိန်မှစပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အဓိကထားဦးစားပေးပြီးဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ တပ်မတော်သည် ဗကပလက်အောက်မှ ဆန့်ကျင်ခွဲထွက်ပြီး သီးခြားရပ်တည်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ရိုးသားဖြူစင်သော စိတ်ရင်းစေတနာမှန်ဖြင့် ဆွေးနွေးညှိနှိုင်းခဲ့၍ နှစ်ဦးနှစ်ဖက် အပြန်အလှန် ယုံကြည်မှုကို အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ပါသည်။ ဗကပမှ ခွဲထွက်လာသော ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သည် မြန်မာနိုင်ငံလူမျိုးစု ဒီမိုကရေစီတပ်ပေါင်းစု (MNDA) အမည်ဖြင့် ၃၁–၃–၁၉၈၉ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပါသည်။ ဗကပမှခွဲထွက်လာသော ‘ဝ’တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ကလည်း မြန်မာပြည်အမျိုးသား သွေးစည်းညီညွတ်ရေးပါတီ(MNSP)အမည်ဖြင့် ၉–၅–၁၉၈၉ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ ဗကပမှခွဲထွက်လာသော ရှမ်းနှင့်အခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကလည်း အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့(NDAA)၊ ရှမ်းပြည်နယ် အရှေ့ပိုင်းစစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီအမည်ဖြင့် ၃၀–၆–၁၉၈၉ ရက်နေ့တွင် ဥပဒေဘောင် အတွင်း ဝင်ရောက်လာခဲ့ပါသည်။ ရှမ်းပြည်တပ်မတော်(SSA)ကလည်း ၂၄–၉–၁၉၈၉ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ပြန်ပါသည်။ ဗကပမှခွဲထွက်လာသော (၁၀၁)စစ်ဒေသအဖွဲ့ကလည်း ဒီမိုကရေစီသစ်တပ်မတော် (ကချင်) (New Democratic Army-Kachin) အမည်ဖြင့် ၁၅–၁၂–၁၉၈၉ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ပါသည်။ ယင်းသို့ ဗကပ၏ လက်နက်ကိုင်တပ်အားလုံး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြင့် ဗကပ လုံးဝချုပ်ငြိမ်းသွားခြင်းပင် ဖြစ်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကောင်းခါးဒေသမှ KIA တပ်မဟာ(၄)အဖွဲ့ကလည်း ၁၁–၁–၁၉၉၁ ရက်နေ့တွင် ကချင်အမျိုးသားတိုးတက်ရေးနှင့်လုံခြုံရေးတပ်မတော် (KDA) အမည်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးအောင်ခမ်းထီဦးစီးသော ပအိုဝ်းအမျိုးသားအဖွဲ့(Pa-O National Organization-PNO)ကလည်း ၁၈–၂–၁၉၉၁ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးအိုက်မုန်းဦးစီးသော ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် (Palaung State Liberation Army-PSLA) ကလည်း ၂၁–၄–၁၉၉၁ ရက်နေ့တွင်လည်းကောင်း ဥပဒေဘောင်အတွင်းသို့ အသီးသီး ဝင်ရောက်လာခဲ့ကြပါသည်။ ၂၇–၂–၁၉၉၂ ရက်နေ့တွင် ဦးဂေဘရယ်ဗျံဦးစီးသော ကယန်းအမျိုးသားလုံခြုံရေးတပ် (Kayan National Guard-KNG) ကလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြန်ပါသည်။

ထို့အတူ ၁၉၉၄ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့လေးဖွဲ့ တရားဥပဒေဘောင် အတွင်းသို့ ဆက်တိုက်ဝင်ရောက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ဖေဖော်ဝါရီလ၂၄ရက်နေ့တွင် ကချင်လွတ်မြောက်ရေးအစည်းအရုံး(KIO)အဖွဲ့သည်လည်းကောင်း၊ မေလ ၉ရက်နေ့တွင် ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)သည်လည်းကောင်း၊ ဇူလိုင်လ၂၆ရက်နေ့တွင် ကယန်းပြည်သစ်ပါတီသည် လည်းကောင်း၊ အောက်တိုဘာလ၉ရက်နေ့တွင် ရှမ်းပြည်နယ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) သည် လည်းကောင်း ဥပဒေဘောင်အတွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်းပြီး နိုင်ငံတော် အကြီးအကဲ၏ ဩဝါဒအမှာစကား ပြောကြားပြီးနောက် တစ်နှစ်တာမျှကာလအတွင်း အင်အားအလုံးအရင်းဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်ခဲ့သောအဖွဲ့မှာ ဦးခွန်ဆာဦးစီးသည့် (Mong Tai Army-MTA)အဖွဲ့ဖြစ်ပါသည်။ ၅–၁–၁၉၉၆ရက်နေ့တွင် MTA အဖွဲ့ဝင်အင်အား ၁၄၀၀၀သည် လက်နက်မျိုးစုံ ၉၀၀၀ကို နိုင်ငံတော်သို့ အကြွင်းမဲ့အပ်နှံပြီး ငြိမ်းချမ်းရေးလမ်းစဉ်ကို လျှောက်လှမ်းခဲ့ခြင်းဖြစ်ပါသည်။ ၆–၄–၁၉၉၇ရက်နေ့တွင် တရားဥပဒေဘောင်အတွင်းသို့(၁၇)ဖွဲ့မြောက် အဖွဲ့အဖြစ် ဝင်ရောက်လာခဲ့သောအဖွဲ့မှာ ဦးစောထွန်းဦး ဦးစီးသည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်)အဖွဲ့ပင် ဖြစ်ပါသည်။

အလားတူ ဦးစောသမူဟဲနှင့် ဖဒိုဦးအောင်ဆန်းတို့ ဦးစီးသော အဖွဲ့များကဲ့သို့ပင် KNU မှခွဲထွက်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သောအဖွဲ့များလည်း ရှိပါသေးသည်။ တစ်ဖွဲ့မှာ ဦးစောဖဲရီမိုး ဦးစီးသော KNU သံတောင်ဒေသအဖွဲ့ဖြစ်ပြီး ၈–၁၁–၁၉၉၇ရက်နေ့တွင် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ပါသည်။ နောက်တစ်ဖွဲ့မှာ KNU တပ်မဟာ(၂)မှ ခွဲထွက်လာသော ဦးကိုကြီး ဦးစီးအဖွဲ့ဖြစ်ပြီး ၁၀–၁၁–၁၉၉၉ ရက်နေ့တွင် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ပါသည်။

၁၉၈၉ ခုနှစ် မတ်လမှစပြီး ၁၉၉၉ ခုနှစ် နိုဝင်ဘာလအထိ ၁၀နှစ်တာ ကာလအတွင်း တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ရှိပြီး လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သော အဖွဲ့ငယ်များ များစွာရှိခဲ့ပါသည်။ ယင်းသို့ နိုင်ငံတော်နှင့်လက်တွဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ဝင် အင်အားစုစုပေါင်းမှာ ၆၇၃၈၂ဦးရှိပြီး လက်နက်မျိုးစုံမှာ ၅၃၈၃၈ လက်အထိရှိခဲ့ရာ ငြိမ်းချမ်းရေးတည်ဆောက်အောင်မြင်မှုအတိုင်းအဆ မည်မျှကြီးမားကြောင်းကို ထိုလူလက်နက် အရေအတွက်ပမာဏကို ကြည့်ရှုံမှုဖြင့် သိရှိနိုင်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း၄၀ ကျော် ၅၀ ကာလအထိ ယခင်အစိုးရ အဆက်ဆက်ကို လက်နက်ကိုင် လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ခဲ့သော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ ယခုကဲ့သို့ လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်ပြီး အင်အားအလုံးအရင်းဖြင့် တရားဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာခြင်းသည် မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အထူးမှတ်တမ်းတင်ရမည့် သမိုင်းဖြစ်စဉ်ပင် ဖြစ်ပါသည်။ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ၁၀စုနှစ်ပိုင်းအတွင်း စိတ်သွားတိုင်းကိုယ်ပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နိုင်ခြင်း၏ အခြေခံအကြောင်းတရားလည်း ဖြစ်ပါသည်။ တိုင်းရင်းသား ညီရင်းအစ်ကိုမောင်နှမအချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်မှုဖြင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ အလဟဿ ပျက်စီးဆုံးရှုံးမည့်အရေးကို ရှောင်လွှဲနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ယင်းကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအတွက် ရေရှည်အကျိုးစီးပွား အမြောက်အမြားကို ဆောင်ကြဉ်းပေးလျက်ရှိသည့် ငြိမ်းချမ်းရေး တည်ဆောက်မှုရလဒ်ကောင်းများ ပျက်ပြားအောင်လည်း ပြည်တွင်း ပြည်ပအဖျက်သမားများက နေ့စဉ်နှင့်အမျှ ကောလာဟလ သတင်းများထုတ်လွှင့်ကာ သပ်လျှိုသွေးခွဲ နေကြောင်းကိုလည်း သတိပြုမိခဲ့ပါသည်။ လက်ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံး နိုင်ငံတော်နှင့် လက်တွဲပြီး ငြိမ်းချမ်းရေးရယူတည်ဆောက်သွားပါက ၎င်းတို့အတွက် မျောက်သစ်ကိုင်း လွတ်သလိုဖြစ်သွားမည်ကို ပြည်တွင်း ပြည်ပအဖျက်သမားများက အစိုးရိမ်ကြီး စိုးရိမ်လျက်ရှိနေကြပါသည်။ ထို့ကြောင့်လည်း KNU လက်ကျန်အဖွဲ့၊ SSA-S ရွက်ဆစ်အဖွဲ့နှင့် KNPP ပြန်ဝင်အဖွဲ့တို့အား ပြည်ပဆရာကြီးများက မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများဖြင့် သိမ်းသွင်းလျက် သွေးထိုးမြှောက်ပင့်ပေးနေ ကြခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်လျက်ရှိသော မွန်မြတ်မှန်ကန်သည့် အောင်မြင်သောလုပ်ရပ်များကို ၎င်းတို့အနေဖြင့် ဖြိုခွဲဖျက်ဆီးရန် မကြံသာသည့်အခါတွင် လက်ကျန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်များ ဝင်လာစေရန်အတွက် Lisenced to Rape ၊ Ethnic Cleansing စသည့် မဟုတ်မမှန် လုပ်ကြံဇာတ်လမ်း များဆင်ကာ သပ်လျှိုသွေးခွဲခဲ့ကြပြန်ပါသည်။

သို့သော် နိုင်ငံတော်အစိုးရနှင့်တပ်မတော်က တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသော မည်သူဖျက်ဖျက် မပျက်နိုင်သည့် စေတနာအမှန်ကို ညွှန်းဆိုရလျှင် ၂၀၀၂ခုနှစ် ဧပြီလ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း မိန့်ကြားခဲ့သော နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နှလုံးသားမှ မြစ်ဖျားခံလာသော အမှာစကားတစ်ရပ်နှင့်ပင် ပြီးပြည့်စုံနေသည်ကို တွေ့ရှိနိုင်ပါသည်။ ဗိုလ်ချုပ်မှူးကြီးက–

“ပြည်နယ်တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏ သွေးသားများဖြစ်သည့် တိုင်းရင်းသားများကောင်းစားရေး၊ ယင်းတို့၏ အနာဂတ် ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားလုံးသည် ပြည်ထောင်စု အတွင်း၌ မှီတင်းနေထိုင် လျက်ရှိကြသည့် မြန်မာတိုင်းရင်းသားများဖြစ်ရာ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေနာစေဟူ၍မရှိကြောင်း၊ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေအနေအထားအရ မိမိတို့တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာနိုင်ကြောင်း။

ရှမ်းပြည်နယ်တွင် ယခင်က သောင်းကျန်းသူများပြားပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခဲ့ခြင်းကြောင့် ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့မှာ အလွန်ပင် ခေတ်နောက်ကျကျန်ရစ်ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်မြန်ဆန်ဆန်ရရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဤဒေသ၏နယ်စပ်များသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် ဒေသများလည်းဖြစ်ရာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ အိမ်နီးနားချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ဖို့ လိုအပ်ကြောင်း၊ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးစွမ်းအားများ ခိုင်မာတိုးတက်မှသာ ဒေသ၏ အနာဂတ် တိုးတက်ကောင်းမွန်မှာဖြစ်ကြောင်း”

မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

ဤသို့သော မေတ္တာစေတနာတရားကို အခြေခံပေါက်ဖွား ဖြစ်ပေါ်လာသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်ကြီးမှာ မည်သို့သော အဖျက်သမားများကမျှ တားဆီးပိတ်ပင်၍မရသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးအဖြစ် ပိုမိုတိုးတက်အောင်မြင် ဖြစ်ထွန်းလျက်ရှိလာနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် ငြိမ်းချမ်းရေးအဖွဲ့များ ပူးပေါင်းလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆောင်ရွက်နေမှုများကို ယုံကြည်သက်ဝင်လာသည့်အတွက် ယခု ဇူလိုင်လ ၆ ရက်နေ့က ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ ဦးမိန်းစင် ဦးစီးအင်အား ၈၄၈ဦးသည် လက်နက်ကြီးမျိုးစုံ ၂၄ လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄ လက်၊ ကျည်ကပ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁ တောင့်၊ လက်ပစ်ဗုံး ၅၅ လုံး၊ မိုင်း ၆၃ လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅ လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀ တို့နှင့်အတူ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြန်ပြီဖြစ်ပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို အသိမှန်၊ အမြင်မှန်ဖြင့် ရှုမြင်ပြီး မှန်ကန်သောလုပ်ရပ်ဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့်အတွက် အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လိုကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊(မြောက်ပိုင်း)၊(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့်တကွ တပ်မတော်ကပါ မိသားစုများ တပေါင်းတစည်းတည်း ပြန်လည်ဆုံစည်းကြသည့်နယ် ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ***စာမျက်နှာ ၁၀ ကော်လံ ၁ သို့***

ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) °(SSA-S)ါ(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူးဦးမိန်းစင် ဦးစီးအင်အား ၈၄၈ဦးအနက်မှ အဖွဲ့ဝင်အချို့အား လက်နက်မျိုးစုံနှင့်အတူ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

14-7 (09).p65 2 1/16/32, 9:48 PM

ရှမ်းပြည်နယ်ကောင်းစားရေးဟု ဟစ်ကြွေးဗန်းပြပြီး လူသတ်၊ ရွာမီးရှို့၊ ဆက်ကြေးတောင်း၊ ဓားပြတိုက်၊ မူးယစ်ဆေးထုတ်လုပ်ရောင်းချနေသော SSA-S ရွက်ဆစ်၏ အကြမ်းဖက် လက်နက်ကိုင် လမ်းစဉ်အမှားဖြင့် ရှမ်းပြည်နယ်သူ ပြည်နယ်သားများ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းကို ပြန်လည်သုံးသပ်ပြီး ထိုအမှားသံသရာမှ လမ်းခွဲကာ လမ်းမှန်ကို လျှောက်လှမ်းလာခြင်းပင်ဖြစ်။

စိုက်ပျိုးထုတ်လုပ်မှု ဘက်စုံနည်းလမ်းနှင့် အကျိုးသက်ရောက်မှုများကို ဆန်းစစ်လေ့လာသည့် စီမံကိန်း နီးနှောဖလှယ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ ဆောင်ရွက်နေသည့် စိုက်ပျိုးထုတ်လုပ်မှု ဘက်စုံ နည်းလမ်းများနှင့် အကျိုးသက်ရောက်မှုများကို ဆန်းစစ် လေ့လာသည့် စီမံကိန်း (၂၀၀၆)ခုနှစ် နီးနှောဖလှယ်ပွဲကို ဇူလိုင် ၁၀ရက် မွန်းလွဲပိုင်းက မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း(ရုံးချုပ်)၌ ကျင်းပရာ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာစိုက်ပျိုးရေး စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက စီမံကိန်း နီးနှောဖလှယ်ပွဲကို ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်း ဒါရိုက်တာ ဒေါက်တာမင်းအောင်က စီမံကိန်းကာလ၏ ပထမပိုင်းနှင့် ဒုတိယပိုင်းအတွင်း အခြားအာဆီယံ နိုင်ငံများ၏ ဆောင်ရွက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံဆောင်ရွက်မှုများကို နှိုင်းယှဉ်ဆွေးနွေးသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၊ မျိုးစေ့ဌာနခွဲ ဒုတိယ အထွေထွေမန်နေဂျာ ဦးထိန်လင်းနှင့် စိုက်ပျိုး ပညာပေးရေးဌာနခွဲ လက်ထောက် မန်နေဂျာ ဦးထင်အောင်ရှိန်တို့က စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများနှင့် တွေ့ရှိချက်များကို ဆွေးနွေးကြရာ ပညာရှင်အဖွဲ့နှင့် အခြား ပုဂ္ဂိုလ်များက ပြန်လည်ဆွေးနွေးကြသည်။

ရုပ်သိမ်း

ထို့နောက် စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညနေပိုင်းတွင် နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

SSA-S ရှက်ဆစ်ဦးစီး လက်ကျန် ဘိန်းစားပြသောင်းကျန်းသူများ ဒေသခံပြည်သူများအပေါ် အဓမ္မအကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေ

နေပြည်တော် ဇူလိုင် ၁၃

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်နေလျက်ရှိသည်ကို တွေ့မြင် ယုံကြည်လာသည့်အတွက် ယခု ဇူလိုင် ၆ရက်တွင် SSA-S (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ မိန်းစင် ဦးစီးအင်အား ၈၄၈ဦးသည် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်နှင့်လက်တွဲ၍ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြသည်။

ဆက်လက်လုပ်ဆောင်

သို့ရာတွင် လူသတ်၊ ရွာမီးရှို့၊ ဆက်ကြေးကောက်၊ လူသစ်အဓမ္မစုဆောင်းပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုကို တစ်စိုက်မတ်မတ်ကျူးလွန်လုပ်ဆောင်နေသော SSA-S ရှက်ဆစ်ဦးစီး ဘိန်းစားပြ သောင်းကျန်းသူများသည် ဒေသခံတိုင်းရင်းသားများအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ အဓမ္မလူသစ် စုဆောင်းမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

ဖမ်းဆီးခေါ်ဆောင်

SSA-S (ရှက်ဆစ်အဖွဲ့)မှ အကြမ်းဖက်သောင်းကျန်းသူ ၁၀ ဦးသည် ဇူလိုင် ၈ရက် ည ၈နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့နယ် ကာလိကျေးရွာသို့ ဝင်ရောက်လာပြီး ရွာသား ရှစ်ဦးအား အဓမ္မ လူသစ်စုဆောင်း ဖမ်းဆီးခေါ်ဆောင်သွားသည်။ ထို့အတူ ထိုနေ့ည ၉နာရီခန့်၌ SSA-S(ရှက်ဆစ်အဖွဲ့)မှ အကြမ်းဖက်သောင်းကျန်းသူ ၁၅ဦးသည် ကွန်ဟိန်းမြို့နယ် ဝမ်ပန်ကျေးရွာသို့ ဝင်ရောက်လာပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အလှူပြုလုပ်ရန်ရောက်ရှိနေသည့် စိုင်းကန်(၁၅)နှစ် အပါအဝင် ရွာသား ၁၈ဦးအား ခြိမ်းခြောက်ပြီး အဓမ္မလူသစ် စုဆောင်း ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။ အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများအား နယ်မြေခံ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၆ခုနှစ် ကာကွယ်ရေး ဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း ဘောလုံးကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်းနှင့် လေကြောင်း အတတ်သင် လေတပ်စခန်းတို့မှ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများနှင့် အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက် အားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အသင်းနှင့် လေကြောင်းအတတ်သင်လေတပ်စခန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းက လေးဂိုး– တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲ သွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမနှင့် ဒုတိယဆုရ အသင်းများအား တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဆုရ လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဈေးလမ်း အမှတ် ၅၇နေဦးဝွမ်းရှိန်–ဒေါ်မြညွန့်မိသားစုတို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာ ရှိနေကြကြောင်း ချမ်းမြေ့ကြည်နူးဖွယ် သတင်းကောင်းများကိုလည်း ကြားသိနေရပါသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ဦးမိန်းစင် ဦးစီးအဖွဲ့ဝင်များအား တပ်မတော်မှ တာဝန်ရှိသူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့အဖွဲ့ နေထိုင် လုပ်ကိုင်စားသောက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နယ်မြေသတ်မှတ်ပေးသည့်အပြင် စားဝတ်နေရေး အဆင်ပြေစေရန်အတွက်လည်း ပြည့်စုံစွာ စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသဖြင့် နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် အဆိုပါနယ်မြေဒေသ၏ မြင်ကွင်းများကိုလည်း ကြိုတင်မျှော်တွေးပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မုဒိတာတရား ပွားများနေကြပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ၎င်းတို့ ညီအစ်ကိုသားချင်း မောင်နှမများ ငြိမ်းချမ်းသာယာစွာဖြင့် မိမိတို့ဒေသအကျိုးကို တစ်စိတ်တည်း တစ်ဝမ်းတည်း အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြတော့မည်ဖြစ်၍ ဆုလာဘ်ကြီး တစ်ခုရသည့်ပမာ ဝမ်းမြောက်ဝမ်းသာ ပျော်မဆုံးမော်မဆုံး ဖြစ်နေကြကြောင်း ကြားသိရသဖြင့် ကျွန်တော်တို့အားလုံးကလည်း ထပ်တူထပ်မျှ ဝမ်းသာနေကြပါသည်။

ဦးမိန်းစင် ဦးစီးအဖွဲ့သည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ အင်အားအလုံးအရင်းဖြင့် တပေါင်းတစည်းတည်း စိတ်တူကိုယ်မျှ ဝင်ရောက်လာခဲ့ကြခြင်းသည် မည်သူ၏ ဖိအားပေးမှုကြောင့်မဟုတ်ဘဲ ၎င်းတို့၏ ကိုယ်ပိုင်အသိ စိတ်ဓာတ်၊ ကိုယ်ပိုင်အယူအဆဆုံးဖြတ်ချက်များဖြင့် သုံးသပ်ရှုမြင်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ နိုင်ငံတော် အစိုးရ၏ အမျိုးသားနိုင်ငံရေး ဆောင်ရွက်ချက်များအပေါ် စောင့်ကြည့် လေ့လာပြီး အလေးအနက် လက်ခံယုံကြည်လာခြင်းကြောင့် ဖြစ်ပါသည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်အောင်မြင်မှုများနှင့် တည်ငြိမ် အေးချမ်းမှုရ၍ ဖွံ့ဖြိုးတိုးတက်နေသော လွိုင်လင်၊ ပင်လုံဒေသ၏မြင်ကွင်းများကို မျက်မြင်ကိုယ်တွေ့ နေ့စဉ် နှင့်အမျှ ကြားမြင်သိရှိပြီး အမှန်တရားကို ပြန်လည်သုံးသပ်နိုင်ခြင်းလည်း ဖြစ်ပါသည်။

တစ်နည်းဆိုရလျှင် မျက်မြင်ဒိဋ္ဌ လက်တွေ့ဘဝနယ်ပယ်တွင် အမှန်တရားကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းပင် ဖြစ်ပါသည်။ **ရှမ်းပြည်နယ်ကောင်းစားရေးဟု ဟစ်ကြွေးဗန်းပြပြီး လူသတ်၊ ရွာမီးရှို့၊ ဆက်ကြေးတောင်း၊ ဓားမြတိုက်၊ မူးယစ်ဆေးထုတ်လုပ် ရောင်းချနေသော SSA-S ရှက်ဆစ်၏ အကြမ်းဖက်လက်နက်ကိုင် လမ်းစဉ်အမှားဖြင့် ရှမ်းပြည်နယ်သူ ပြည်နယ်သားများ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းကို ပြန်လည်သုံးသပ်ပြီး ထိုအမှားသံသရာမှ လမ်းခွဲကာ လမ်းမှန်ကို လျှောက်လှမ်းလာခြင်းပင် ဖြစ်ပါသည်။**

မျက်မှောက်ကာလကဲ့သို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ မွန်မြတ်မြင့်မားသော လုပ်ဆောင်ချက်များဖြင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ပေါ်ထွန်းရေးပန်းတိုင်ဆီသို့ အခြေခံကောင်း၊ အလားအလာကောင်းသည့် လမ်းကြောင်းမှန်အတိုင်း တညီတညွတ်တည်း လက်တွဲချီတက်နေချိန်တွင် လက်ကျန်တောတွင်း လက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း နိုင်ငံတော်၏အပြောမဟုတ်၊ အလုပ်ဖြင့် သက်သေပြနေသည့် စေတနာမှန်သော ကံတရားကို ခံစားထိုက်သူများဖြစ်သည်နှင့်အညီ ဦးမိန်းစင်တို့ အဖွဲ့ကဲ့သို့ပင် ငြိမ်းချမ်းရေးကိုတည်ဆောက်၍ ပါဝင်ပူးပေါင်းလျှောက်လှမ်းကြရန် အချိန်တန်နေပြီဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ယခုအခါ ယင်းသို့သော အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုရလဒ်ကောင်းများ ပိုမို ဖြစ်ထွန်းအောင်မြင်လာခြင်းက မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အပေါ် ထပ်လောင်းအားဖြည့်ပေးလျက်ရှိရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ပေါ်ထွန်းရေးဟူသော တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် ကျွန်တော်တို့၏ လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေပြီဖြစ်ပါသည်။ ဤအခြေခံကောင်း၊ အလားအလာကောင်းများကို အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ထိန်းသိမ်း မြှင့်တင်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်လျက်ရှိရာ တစ်မျိုးသားလုံး၏ ရည်မှန်းချက်များ ဧကန်မုချအောင်မြင်တော့မည်ဖြစ်ပါကြောင်း လေ့လာ ဆန်းစစ်ဖော်ပြလိုက်ရပါသည်။ ။

ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းအချို့တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာဒေသအချို့တွင် ရေကြီးရေလျှံမိုးခဲ့ရာ ရေဘေးသင့် ရပ်ကွက်အချို့မှ အိမ်ထောင်စုများအား ကယ်ဆယ်ရေး စခန်းများတွင် ခေတ္တ နေရာချထားပေးခြင်း၊ စာသင် ကျောင်းအချို့ကို ခေတ္တပိတ်ပေးထားခြင်း၊ ရေလွှမ်းမိုး၍ ချို့ယွင်းပျက်စီးခဲ့သော တံတားများ၊ ကားလမ်းများ၊ ရထားလမ်းများအား တာဝန်ရှိသူများက အမြန်ပြန်လည်ပြင်ဆင်ခဲ့သဖြင့် အချို့ လမ်းကြောင်းများပုံမှန် ပြန်လည်သွားလာနိုင်ခြင်းနှင့် အချို့ နေရာများတွင် ရေလုံးဝကျဆင်းသွားပြီ ဖြစ်ကြောင်း သတင်းများရရှိသည်။

ထောက်ပံ့ပေးအပ်

ရွှေကျင်မြို့နယ်တွင် မြစ်ရေစိုးရိမ်ရေအမှတ်သို့ရောက်ရှိခဲ့၍ အိမ်ထောင်စု ၅၉ စုအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရာ ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီးတို့က ခေါက်ဆွဲထုပ် နှစ်ဖာ၊ ဆန်အိတ် ၃၀၊ ပိတ်ဖြူ ၁၀ကိုက်၊ ကြွေဇလုံ ၁၀လုံး၊ စောင် ၁၀ထည်၊ ကျားလုံချည် ၁၅ထည်၊ မလုံချည်၁၅ထည်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ပေးအပ်

အလားတူ လူမှုဝန်ထမ်းဝန်ကြီးဌာနကလည်း အဆိုပါ အိမ်ထောင်စုများအတွက် ဆန် ၁၁အိတ်၊ ပိတ်ဖြူ ၁၁၈ကိုက်၊ ကြွေဇလုံ ၅၉လုံး၊ စောင် ၅၉ထည်၊ ကျားလုံချည် ၅၉ထည်၊ မလုံချည် ၅၉ထည်၊ ဒန်အိုး ၅၉လုံး ထောက်ပံ့ပေးအပ်ခဲ့သည်။

နေရာရွှေ့ပြောင်း

ထို့အပြင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရဲကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ထောင်စု ၃၄စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းများတွင် နေရာရွှေ့ပြောင်းပေးခဲ့ရာ ကယ်ဆယ်ရေးပစ္စည်းများအဖြစ် ဒန်အိုး၊ဇလုံ၊ အင်္ကျီ၊ လုံချည်နှင့် ဆန် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၈၃၀၀ဖိုးအား မြို့နယ် အစီအစဉ်ဖြင့် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ပိုလ်မှူးချုပ်လှငွေးဝင်းနှင့် မြို့တော်ဝန် ပိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တွင်း ဆောင်ရွက်လျက်ရှိသော သန့်ရှင်းရေးလုပ်ငန်း၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းနှင့် လမ်းများအဆင့်မြင့် ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက်၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းသို့ ရောက်ရှိလာပြီး အာဇာနည်လမ်းဖြတ် ရေနုတ်မြောင်းအား ဆယ်ယူ ရှင်းလင်းနေမှုကို လည်းကောင်း၊ အာဇာနည်လမ်းတစ်လျှောက် လမ်းသားပြုပြင်နေမှုကို လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းတစ်လျှောက် လမ်းပေါ်၌ ရေတင်မှု မရှိစေရေးအတွက် ရေဆင်းပေါက်နှင့် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ်(၁၀)ရပ်ကွက် ကမ္ဘာအေးစေတီလမ်းနှင့် ကန်ရိပ်သာလမ်းထောင့် ကမ္ဘာအေးစေတီလမ်းတစ်လျှောက် ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်း လမ်းဆုံအနီး ဝေဇယန္တာလမ်းတစ်လျှောက် လမ်းဘေး ရေနုတ်မြောင်းနှင့် ရေဆင်းပေါက်များ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ ပါရမီလမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းပြီးစီးမှု အခြေအနေကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် (၁၄/၁) ရပ်ကွက် ၅လမ်းနှင့် သံသုမာလမ်းထောင့်၌ ရေနုတ်မြောင်း ချဲ့ထွင်တူးဖော်နေမှုကို လည်းကောင်း **(အပေါ်ပုံ)** လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

၂၀၀၆ ခုနှစ်(၁၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက အမျိုးသား အားကစားရုံ(၁)သုဝဏ္ဏ၌ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ် ရဲချစ်ဖေ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဝင်ရောက် ယှဉ်ပြိုင်

(၁၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ကရာတေးဒို ပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော် (လေ)၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

လှိုင်မြို့နယ် ပြည်လမ်း အမှတ် ၃၂-စီ(၂) ၃၂ ရိပ်သာလမ်းသွယ် ၆မိုင်ခွဲရှိ မြင့်မြတ်အလင်း ဓမ္မဒါန ယဉ်ကျေးမှုသင်တန်းတွင် ရုံးဝန်ထမ်းများနှင့် ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်၍ စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက်၈နာရီမှ ၁၁နာရီအထိ ယဉ်ကျေးမှုသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့နောက် ဆရာ ဦးမြင့်လွင် (သန့်တည်ပွား) ဟောကြားခဲ့သော တခဏဖြစ်ရ လူ့ဘဝ အနှစ်ပြည့်အောင် ကြိုးစားကြ၊ ကလေးများအတွက် ဘဝအောင်မြင်ရေးနှင့် အပါယ်ပိတ်တရား VCD နှင့် DVD တရားခွေများကိုလည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် ဖုန်း-၅၃၅၃၂၆ သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ပြင်သစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၆ခုနှစ် ဇူလိုင် ၁၄ရက်တွင် ကျရောက်သည့် ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖိလစ် ဒုဖ်ဘလာဇီထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း အိန္ဒိယဝန်ကြီးချုပ်နှင့် ပြည်ပရေးရာဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၆ခုနှစ် ဇူလိုင် ၁၁ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမန်မိုဟန်းဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၃

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်တို့ လိုက်ပါလျက် ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)သို့ ရောက်ရှိလာရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်က ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)၏ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများအား နဝရတ်ခန်းမ၌တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား ၁၈၀၀ ဆံ့ ခန်းမကြီးတည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးရရှိရေးအတွက် ရေလှောင်တမံတည်ဆောက်ထားသော ရေလှောင်ကန်ကို လည်းကောင်း၊ ရော်ဘာစိုက်ခင်းနှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ပင်မရုံးကြီးရှိ ကွန်ပျူတာခန်းနှင့် ဌာနဆိုင်ရာ ရုံးခန်းများသို့လည်းကောင်း၊ အမျိုးသား တပ်ခွဲ(၆)ရှိ သင်တန်းသား သုံးထပ်ဆောင် ဆောက်လုပ်မှုကို လည်းကောင်း၊ အမျိုးသမီးတပ်ခွဲ(၂) နှစ်ထပ်ဆောင် ဆောက်လုပ်မှုများကိုလည်းကောင်း၊ တက္ကသိုလ်ဆေးရုံကို လည်းကောင်း လှည့်လည်စစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင် အနီး) ၌ ၃၅၃ မင်းခေါင် ၂လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပနေ မိခင်ကြီး ဒေါ်မြမြ (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒေါက်တာဦးခင်လှအောင်-ဒေါ်ခင်နွယ်ဦး၊ သားမောင်ရှင်းသန့်၊ မောင်နေထူးအောင် ကောင်းမှု အက်ဖ်အီးစီ၅၀၀ကို ကျောင်းဖြစ်မြောက်ရေး အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

SELECTED IDIOMS စာအုပ်ထုတ်ဝေ



ရန်ကုန် ဇူလိုင် ၁၃

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား လေ့လာသူများ ဗဟုသုတတိုးပွားစေရန်အတွက် ဆရာ မင်းကျော်မင်း ရေးသား ပြုစုသည့် Selected Idioms စာအုပ်ကို ကျော်ညွန့်ရည်စာပေမှ ထုတ်ဝေလိုက်သည်။ **(ဝဲပုံ)**

Selected Idioms စာအုပ်တွင် မြန်မာစကားဖြင့် တိုက်ရိုက်အဓိပ္ပာယ်ကောက်ယူ၍မရနိုင်သည့် အနောက်နိုင်ငံသုံး အီဒီယမ်များကို မြန်မာနိုင်ငံ၏ အလေ့အထသုံးပုံ သုံးနည်းနှင့် အသင့်လျော်ဆုံးဖြစ်အောင် ထုတ်နုတ်ပေါင်းစပ် ပြုစုရေးသားထားသည်။

အဆိုပါစာအုပ်ကို ဒေါ်ဝါဝါကျော် စီစဉ်ပြီး ဂုဏ်ထူးစာပေ အမှတ် ၁၉၂၊ ၃၃ လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၆၅၉၀၊ ၃၈၆၅၉၅ က တစ်အုပ်လျှင် ကျပ်၁၂၀၀ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(က-ပ)**

မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးမှုအတွေ့အကြုံမှ ရင်းနှီးရယူခဲ့သည့် ဇီဝလုံခြုံရေးစည်းကမ်းများ (သို့မဟုတ်) အနာဂတ် စိန်ခေါ်မှုအတွက် ခံစစ်စည်း

ဖြစ်စဉ်အကျဉ်း

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုဖြစ်စဉ်

(က) **ကာလ။** ၁၀-၃-၂၀၀၆ရက်မှ ၇-၄-၂၀၀၆ရက်အထိ။

(ခ) **ဒေသ။** စစ်ကိုင်း၊ ရွှေဘို၊ ခင်ဦး၊ ရေဦး၊ ကန့်ဘလူ၊ မုံရွာမြို့နယ်ငါးမြို့နယ်၊ မန္တလေးတိုင်း၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရ၊ စဉ့်ကိုင်၊ ကျောက်ဆည်မြို့နယ် ရှစ်မြို့နယ် စုစုပေါင်း ၁၃ မြို့နယ်။

(ဂ) **သေဆုံးဖျက်ဆီး ကြက်/ငုံးခြံများ။** ရောဂါဖြစ်ပွားမှုနှင့် ရောဂါပျံ့နှံ့နိုင်မှုဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးမှုအရ စုစုပေါင်း ကြက်၊ ငုံးခြံ ၅၄၅ခြံ၊ ကြက်၊ ငုံးကောင်ရေ ၆၃သမ၅သိန်း သေဆုံး/ဖျက်ဆီးနည်းလမ်းဖြင့် ကာကွယ်တားဆီးခဲ့သည်။

(ဃ) **အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု။** ရောဂါဖြစ်ပွားစဉ်ကာလမှ ရောဂါထိန်းချုပ်နိုင်သည်အထိ Dr. Wantanee-FAO Regional Coordinator, Dr. Mac Arthur-USAID Regional Coordinator, Dr. Sudarat-JICA AI Diagnoatic Expert, Dr. Prasit-FAO AI Epidemiologistအပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်အတူ မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားဒေသအတွင်း လုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ဇီဝလုံခြုံရေးစည်းကမ်းများ

(က) ရောဂါဖြစ်ပွားမှုအရင်းအမြစ်

(၁) ရာသီအလိုက် ရွှေ့ပြောင်းကျက်စားသော ဆောင်းခိုငှက်များ၊ နယ်စပ်မှ တရားမဝင် ဖြတ်ကျော်ဝင်ရောက်လာသော မှောင်ခိုကြက်နှင့် ကြက်ထွက်ပစ္စည်းများ၊ တရားမဝင် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးများ။

(၂) မျိုးရိုးဗီဇဖွဲ့စည်းပုံဆက်နွှယ်မှုအရ အရှေ့တောင်အာရှဒေသတိုင်းပြည် များတွင် ဖြစ်ပွားလျက်ရှိသော ကြက်တုပ်ကွေး ဗိုင်းရပ်စ်သည် AMINO ACID DRIFT SEQUENCE အရ Myanmar-GGGGGAနှင့် SEA-AAGAAA ဖွဲ့စည်းတည်ဆောက်ပုံကွဲလွဲ ကြောင်း၊ မြန်မာနိုင်ငံ၏ မြောက်ဘက်ဒေသတိုင်းပြည်များတွင် ဖြစ်ပွားသော ဗိုင်းရပ်စ်နှင့် ဆင်တူသော်လည်း လုံးဝတူညီသည်လည်း မဟုတ်ကြောင်း ဗီဇ၏ ပဋိလုံပစ္စည်းပြောင်းလဲခြင်း၊ ရွေ့လျောခြင်း (Anti-Genic Drift) ဖြစ်ပေါ်သည်ဟု ယူဆကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) **ဇီဝလုံခြုံရေးစည်းကမ်း**

(ကက) ရာသီအလိုက်ဆောင်းခိုငှက်များ လာရောက် ကျက်စားသည့် ရေစပ်၊ ရေဝပ်၊ ရေအိုင်၊ မြစ်ချောင်းနေရာများကို သီးခြားထားရှိရန်၊

(ခခ) ဒေသကြက်၊ဘဲ၊ဝက်တို့နှင့်ထွေးရောယှက်တင် မဖြစ်ရေး ပိုင်းခြားထားရှိရန်၊

(ဂဂ) တောရိုင်းငှက်ကျက်စားသည့် အနီးပတ်ဝန်းကျင်ရှိ မွေးမြူရေးခြံများ ဇီဝလုံခြုံမှုမြှင့်တင်ရန်။

ကြက်နှင့် ကြက်ထွက်ပစ္စည်း မွေးမြူထုတ်လုပ်ရောင်းဝယ်မှုဇီဝလုံခြုံရေးစည်းကမ်းများ

(က) **ကြက်ခြံ/ငုံးခြံများ**

(၁) ကြက်ခြံ/ငုံးခြံများ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ မပျက်မကွက်မှတ်ပုံတင်ရန်။

(၂) ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းမှုအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်အစစ်ဆေးခံယူရန်။

(၃) ရောင်းချမည့်ကြက်ဥများကို ကြက်ချေးကင်းစင်ရန်ရေဆေးကြောခြင်း၊ ပိုးသတ်မှိုင်းတိုက်ခြင်းများ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အကူအညီရယူညှိနှိုင်းဆောင်ရွက်ရန်။

(၄) ကြက်များသယ်ယူရာတွင် ပြောင်းပြန်ဇောက်ထိုး ဆွဲသွားခြင်း မပြုရန်၊ လမ်းတစ်လျှောက် ကြက်ချေး၊ ကြက်အရိအရွဲများဖြင့် ရောဂါပြန့်ပွားနိုင်သည့်အပြင် ပင်ပန်းနွမ်းနယ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်ခြင်းဖြင့် ရောဂါဝင်ရောက်နိုင်သည်ကို သတိပြုရန်။

(၅) ကြက်/ဘဲ/ဝက် ပူးပေါင်းသိုလှောင် သယ်ဆောင်ရောင်းဝယ်ခြင်း မပြုရန်။

ကြက်ထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ရောင်းဝယ်မှု

(၁) ကြက်အမွေးများ၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်မြေမြှုပ်ရန်၊ ချောင်း၊ မြစ်၊ ရေကန်အတွင်း လွှင့်မပစ်ရန်။

(၂) ကြက်များ ကိုင်တွယ်ပိုင်းဖြတ်ရာတွင် အဆစ်အလိုက်၊ အသားအလိုက် လှီးဖြတ်သည့် အလေ့အထ ကျင့်သုံးရန်။

(၃) မြန်မာ့ဓလေ့နှင့်အညီကျက်ကျက်ဆူအောင် ချက်ပြုတ်စားသောက်ရန်။

(၄) အရောင်းဆိုင်များတွင် ကြက်သားတုံး၊ ကြက်အူချောင်းများ ပြုပြင်ရောင်းချရာ၌ ၈၀ဒီဂရီစင်တီဂရိတ်၊ မိနစ် ၂၀ရေနွေးဖြင့် ပြုတ်ပြီး အအေးခံကာ Hear Treated/Cooked Food ချက်ပြုတ်ပြီး အစားအစာရောင်းချသည့် နိုင်ငံတကာ အလေ့အထပြောင်းလဲကျင့်သုံးရန်။

ကြက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးဆိုင်ရာ မဟာဗျူဟာ(၈)ရပ်

အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ ဦးဆောင်၍ အာဆီယံ ၁၀နိုင်ငံ ၂၈-၁၀-၂၀၀၅ရက် ညှိနှိုင်းအစည်းအဝေး၌ ချမှတ်ခဲ့ပြီး အာဆီယံနိုင်ငံများအလိုက် ဆောင်ရွက်လျက်ရှိသည့် ASEAN EIGHT STRATEGIES မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း-

(က) ရောဂါစူးစမ်းရှာဖွေခြင်းနှင့် အဆင်သင့် နိုးကြားစနစ်တည်ထောင်ခြင်း၊ Disease surveillance and Alert system.

(ခ) ရောဂါမပြန့်စေရေးထိရောက်သော ထိန်းချုပ်မှုနှင့် ကုန်စည်စီးဆင်းမှု သွားလာရေးထိန်းချုပ်ရေး စနစ်တည်ထောင်ခြင်း၊ Effective containment, Quarantine and movement control measures.

(ဂ) ရောဂါရှာဖွေရေး စွမ်းရည်မြှင့်တင်ခြင်း၊Disease Diagnostic Capabilities.

(ဃ) ရောဂါဖြစ်ပွားမှု သတင်းဖလှယ်ရေးစနစ် တည်ထောင်ခြင်း၊ Information Sharing System.

(င) သုတ်သင်ရှင်းလင်းရေးနှင့် ကာကွယ်ဆေးထိုးရေးမူဝါဒချမှတ်ခြင်း၊ Stamping out Vaccination Policy.

(စ) အရေးပေါ်အတွက် ကြိုတင်ပြင်ဆင်ကာကွယ်တားဆီးရေးအစီအမံ၊ Emergency Preparedness Plan.

(ဆ) ရောဂါ ကင်းရှင်းရေးဇုန် တည်ဆောက်ခြင်း ၊Establishment of Disease Free Zone.

(ဇ) ပြည်သူလူထု ပညာပေးရေးနှင့် ဆက်သွယ်မှု ကွန်ရက်စနစ် တည်ထောင်ခြင်း ၊Public awareness and communication network system.

အာရှဒေသဆိုင်ရာ ကြက်တုပ်ကွေးကာကွယ်တားဆီးရေး စွမ်းရည်များ တည်ဆောက်ရေး

၆-၁၂-၂၀၀၅ ရက် အာရှဒေသဆိုင်ရာ ကွန်မင်းအစပျိုးဆောင်ရွက်မှု အစည်းအဝေး ညှိနှိုင်းသဘောတူညီချက်များအရ အာရှနိုင်ငံများ အောက်ပါ စွမ်းရည် (၄)ရပ် ထူထောင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

(က) ရောဂါစူးစမ်းရှာဖွေမှု စွမ်းရည်မြှင့်တင်ရေး၊Forecasting Capacity.

(ခ) ရောဂါကြိုတင်တားဆီး ကာကွယ်မှု စွမ်းရည်မြှင့်တင်ရေး၊ Risk Prevention Capacity.

(ဂ) အစောဆုံး ကြိုတင်သတိပေးမှု စွမ်းရည်မြှင့်တင်ရေး၊Early Warning Capacity.

(ဃ) ရောဂါကျရောက်လျှင် တုံ့ပြန်ဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရေး၊ Emergency Respanse Capacity.

စီမံခန့်ခွဲရေးနည်းလမ်း(၃)သွယ်။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်မှုဘောင်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ခွင့်ပြုပံ့ပိုးပေါင်းစပ်ဆောင်ရွက်ပေးမှု၊ ဆက်စပ်ဌာနဆိုင်ရာ ကျန်းမာရေးဦးစီးဌာန၊စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ကြက်ငှက်တုပ်ကွေးရောဂါအနာဂတ် စိန်ခေါ်မှုအပေါ်မျှော်မှန်း၍ မဟာဗျူဟာများ၊ စွမ်းရည်များ၊ ဇီဝလုံခြုံရေးစည်းကမ်းများ ချမှတ်ကာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကြက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးတွင် ပူးပေါင်းဆောင်ရွက်ကြပါရန် ရှင်းလင်းတင်ပြအပ်ပါသည်-

(က) သယံဇာတပေါင်းစည်းအသုံးပြုခြင်း Resources Mobilization

(၁) တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေပြာတိရစ္ဆာန်ကျန်းမာရေး အကူများ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအလိုက် စုစည်းခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း။

(၂) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် လုပ်ငန်းဆက်စပ် ညီအစ်ကိုဌာနများ၊ လုပ်ဖော်ကိုင်ဖက်ဌာနများနှင့် ညှိနှိုင်း ပေါင်းစည်းခြင်း။

(၃) မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အသားကဏ္ဍဆိုင်ရာ အသင်းများ ဖွဲ့စည်းစုစည်းခြင်း။

(၄) တိရစ္ဆာန်သယံဇာတနှင့် ပတ်ဝန်းကျင်ဖြန့်ကြက်မှုပေါင်းစည်းခြင်း၊ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း။

(၅) ကြက်တုပ်ကွေးကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းသုံး ပစ္စည်းများ၊ ရောဂါရှာဖွေမှုဆိုင်ရာ ဓာတ်ခွဲခန်းများစုစည်းခြင်း၊ စွမ်းရည်မြှင့်ခြင်း။

(ခ) အုပ်ချုပ်မှုပိုင်းခြားဆောင်ရွက်ခြင်း Administrative Allocation

(၁) ကြက်တုပ်ကွေးကာကွယ်တားဆီးမှုဆိုင်ရာ အုပ်ချုပ်မှုပင်မအပိုင်းများဖြစ်သော လုပ်ငန်းခွဲခြားခြင်း၊ လုပ်အားခွဲဝေခြင်း၊ အဆင့်ဆင့်ကြီးကြပ်မှုစနစ်တည်ထောင်ခြင်း။

(၂) လူ၊ ပစ္စည်း၊ တိရစ္ဆာန်လုပ်ငန်း သယံဇာတအလိုက် ဒေါင်လိုက်ပိုင်းခြားဆောင်ရွက်ခြင်း။

(၃) လူ၊ ပစ္စည်း၊ တိရစ္ဆာန်လုပ်ငန်းသယံဇာတများအလိုက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက်၊ အလျှာလိုက်ဆောင်ရွက်ခြင်း။

(ဂ) ဘက်စုံစီမံခန့်ခွဲခြင်း Management Integration

(၁) ဒေသအာဏာပိုင်၏ ဦးဆောင်လမ်းညွှန်မှုရယူ၍ သက်ဆိုင်ရာဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စုစည်းပေါင်းစပ်စီမံခန့်ခွဲခြင်း။

(၂) တိရစ္ဆာန်ကျန်းမာရေး၊ လူကျန်းမာရေး၊ ဒေသအလိုက်၊ တစ်နိုင်ငံလုံးအလိုက် လူမှုစီးပွားရေး၊ ပေါင်းစပ်စီမံခန့်ခွဲခြင်း။

(၃) နိုင်ငံ၊ ဒေသ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာ အတွေ့အကြုံ၊ အလေ့အကျင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(၄) ပွင့်လင်းကြည်လင်သော ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက် ဖလှယ်မှုစီမံခန့်ခွဲခြင်း။

ရေကြည်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၃

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)မှ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ပိဋကတ်တိုက်ကျောင်း စလင်းကျောင်းတိုက် ကြည့်မြင်တိုင်မြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများ၊ ရေကြည်မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၂၄၁၈၂၇၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေး ဖုန်း-၅၅၈၅၃၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၃၁၀၃၄၇ နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၀၈၀၄၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ဖူးပွင့်ဝေစီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ခန်းမတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၈ရက်က ကျင်းပရာ ပြန်/ဆက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မှတ်သုံဖလားအိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ပထမအကြိမ် မှတ်သုံဖလားအိုးပင်း(တစ်ဦးချင်း)စစ်တုရင်ပြိုင်ပွဲကို ဇူလိုင်၂၂ရက်မှ ၃၀ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည့်အပြင် သတ်မှတ်အဆင့်ဝင်သူများ အပြည်ပြည်ဆိုင်ရာ စံနှုန်း (F.I.D.E-Rating)ရရှိရန် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်သို့ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင်အားကစားသမားမောင်မယ်များသည် ဇူလိုင်၂၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

၂၀၀၆ ကမ္ဘာ့ဖလား နောက်ဆက်တွဲဂယက်များ

စုစည်းရေးသားသူ – မောင်မောင်မြင့်ဆွေ

ဘာလင် ဇူလိုင် ၁၃

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ၏ နောက်ဆက်တွဲဂယက်များကို မြန်မာ့ပရိသတ် အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ကမ္ဘာ့ဖလားချန်ပီယံ

အီတလီအသင်းနည်းပြ လစ်ပီ နုတ်ထွက်

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အီတလီ အသင်းကို ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ မာဆယ်လိုလစ်ပီသည် အီတလီနည်းပြတာဝန်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီတလီအသင်းနည်းပြ လစ်ပီ

အသက် ၅၈နှစ်အရွယ်ရှိ မာဆယ်လိုလစ်ပီသည် သူ၏သား ဒေးဗစ်နှင့်အတူ အီတလီပြည်တွင်းလိဂ် ဘောလုံးပွဲစဉ်များ၌ အကျင့်ပျက်မှုများနှင့် မသမာမှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံရသဖြင့် စိတ်ထိခိုက်ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် မိမိသည် ဘောလုံးနည်းပြ အလုပ်အပေါ်တွင် စိတ်ကုန်၍ မဟုတ်ကြောင်း၊ ယခု အီတလီနည်းပြ အဖြစ်မှနုတ်ထွက်ပြီး ရှေ့ဆက် ဘာလုပ်မည်ဆိုသည်ကို လောလောဆယ် မပြောနိုင်သေးကြောင်းလည်း မာဆယ်လိုလစ်ပီက ပြောကြားသည်။

အီတလီဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဂီအင်ကာလို အာဘီတီကလည်း မာဆယ်လိုလစ်ပီသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စု ရှုံးထွက်ပွဲစဉ်များ ကစားခဲ့စဉ်အချိန်ကပင် သူ့အား နည်းပြအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း ပြောကြားသည်။

ဇီဒန်း ခေါင်းတိုက်မှု ကိုယ်တိုင်ရှင်းလင်း

၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲအဖြစ် အီတလီနှင့် ကစားခဲ့သောပွဲ၌ မိမိအနေဖြင့် အီတလီနောက်ခံလူ မာကို မာတီရာဇီအား ခေါင်းနှင့်တိုက်ခဲ့သည်မှာ မိမိ သည်းမခံနိုင်လွန်း၍ဖြစ်ကြောင်း ပြင်သစ်ရုပ်မြင်သံကြား၌ ဇီဒန်းက ပြောကြားလိုက်သည်။

ပြင်သစ်အသင်း

အသင်း

ခေါင်းဆောင်

ဇီဒန်း



မိမိ ယခုကဲ့သို့ပြုလုပ်ရခြင်းမှာ မာကိုမာတီရာဇီသည် အမေနှင့် ညီမများကို စော်ကားသကဲ့သို့သော စကားများဖြင့် မိမိကို ရန်စကားပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိစိတ်မထိန်းနိုင်ဘဲ ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မည်သို့မဆို ယခုလိုပုံစံမျိုး အပြောခံရလျှင် သည်းခံခွင့်လွှတ်နိုင်ကြမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိလုပ်ရပ်အပေါ် နောင်တမရကြောင်း၊ သို့ရာတွင် အနီကတ်ပြအထုတ်ခံရချိန်၌ စိတ်ထိခိုက်ခဲ့ရကြောင်း ဇီဒန်းက ပြောကြားသည်။

ကမ္ဘာ့ဖလား ဘောလုံးပရိသတ်ကြီးအား ဝမ်းနည်းစကားပြောကြားလိုကြောင်း၊ မိမိလုံးဝသည်းမခံနိုင်၍ လုပ်ခဲ့ရခြင်းဖြစ်ကြောင်း ဇီဒန်းက ဆက်လက်ပြောကြားသည်။

ဇီဒန်း အကောင်းဆုံးဘောလုံးသမားဆု

ဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း

ဖီဖာဥက္ကဋ္ဌ အရိပ်အမြွက်ပြောကြား

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့သည့် ဇီဒန်းသည် အဆိုပါဆုကို ဆုံးရှုံးရဖွယ်ရှိကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက အရိပ်အမြွက် ပြောကြားလိုက်သည်။

ဇီဒန်း အကောင်းဆုံးဘောလုံးသမားဆုနှင့် ထိုက်တန်ခြင်းရှိ မရှိကို ဖီဖာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဇီဒန်းအနေဖြင့် အကောင်းဆုံး ဘောလုံးသမားဆု ရုပ်သိမ်းခံရမည်လားဟူသော သတင်းထောက်များ၏ မေးခွန်းကို ဆပ်ဘလတ္တာက "မိမိအနေဖြင့် ဖီဖာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို စောင့်ဆိုင်းလျက်ရှိကြောင်း" ပြောကြားသည်။

ကမ္ဘာ့ဖလား အကောင်းဆုံး ဘောလုံးသမားဆုကို ကမ္ဘာ့ဖလား ဘောလုံးပွဲသို့ တက်ရောက်သော မီဒီယာသမားများက ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

စီရိုနယ်ဒိုကို မန်ယူက မရောင်းပါ

စီရိုနယ်ဒိုကို ထုတ်ရောင်းရန် အကြောင်းမရှိပါဟု မန်ယူကလပ်က ထုတ်ဖော်ပြောကြားလိုက်သည်။ စီရိုနယ်ဒိုသည် စပိန်ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန်ရှိနေသည်ဟု သတင်းများထွက်ပေါ်နေမှုကို မန်ယူက အထက်ပါအတိုင်း ချေဖျက်လိုက်ခြင်းဖြစ်သည်။

စီရိုနယ်ဒို

စီရိုနယ်ဒိုသည် မန်ယူအသင်းနှင့် ၂၀၁၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ထားရာ မည်သို့သော အရောင်းအဝယ် ပြုမှုကိုမျှ လက်ခံမည်မဟုတ်ကြောင်း မန်ယူ ဘုတ်အဖွဲ့က ပြောကြားလိုက်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

နိုင်ငံတကာပွဲကစားခြင်း ပိတ်ပင်ခံထားရသော ဂရိအသင်း ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က ပြန်လည်ကစားခွင့်ပြုလိုက်ပြီ

ရေးသားတင်ပြသူ မြင့်မောင်စိုး

အေသင် ဇူလိုင် ၁၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ဂရိဘောလုံးအသင်းနှင့် ယင်းနိုင်ငံ၏ ကလပ်အသင်းများအား နိုင်ငံတကာ ပွဲများ ယှဉ်ပြိုင်ကစားခြင်းမှ ပိတ်ပင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းပေးလိုက်ပြီဖြစ်သည်။

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ဂရိအသင်း အောင်ပွဲခံမှု မြင်ကွင်း။

(ဓာတ်ပုံ–အင်တာနက်)

ဖီဖာက ထိုကဲ့သို့ ပိတ်ပင်ခဲ့ခြင်းမှာ ဘောလုံးလောကနယ်ပယ်တွင် အစိုးရက စွက်ဖက်မှု များပြားလွန်းသဖြင့် စည်းမျဉ်းစည်းကမ်းအရ ဖီဖာက ဂရိဘောလုံးအသင်းနှင့် ယင်းနိုင်ငံမှ ကလပ်အသင်းများအား နိုင်ငံတကာ ဘောလုံးအသင်းများနှင့် ယှဉ်ပြိုင်ကစားခြင်းကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဂရိပါလီမန်က ဥပဒေစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဟု လိုက်လျောခဲ့သဖြင့် ဖီဖာက ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းပေးလိုက်သည်။

ဂရိအသင်းသည် ဩဂုတ် ၁၆ ရက်တွင် အင်္ဂလန်အသင်းနှင့် ချစ်ကြည်ရေးပွဲကစားရန် စီစဉ်ထားပြီး ဖြစ်သည်။ ယင်းပွဲသည် အင်္ဂလန်နည်းပြသစ် မက်ကလာရင်၏ ပွဲဦးထွက်ပြိုင်ပွဲလည်းဖြစ်သည်။

ထိုသို့ ဂရိအသင်းအား ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းပေးလိုက်၍ ဥရောပချန်ပီယံ ဂရိအသင်းသည် ၂၀၀၈ ခုနှစ် ၎င်း၏ ဥရောပချန်ပီယံဆုကို ကာကွယ်နိုင်သည့်အခွင့်အလမ်း ရရှိသွားခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလားမတိုင်မီ ခြေကျိုးခဲ့သော ဆစ်ဆီ လီဗာပူးမှ မာဆေးသို့ တစ်နှစ်အငှားချထား

မာဆေး ဇူလိုင် ၁၃

လီဗာပူးတိုက်စစ်မှူး ဆစ်ဆီအား မာဆေးအသင်းတွင် အငှားတစ်ရာသီ လာရောက်ကစားရန် မာဆေးအသင်းနှင့် လီဗာပူးအသင်းတို့ သဘောတူညီလိုက်ပြီဖြစ်သည်။

အသက် ၂၄နှစ်အရွယ်ရှိ ဆစ်ဆီအား ယခုလစောစောပိုင်းက ယခုနှစ်ရာသီတွင် အန်ဖီးကွင်း၌ကစားရန် မလိုသေးကြောင်း လီဗာပူးက ပြောကြားထားခဲ့သည်။

အမြဲတမ်း မာဆေးတွင်ကစားရန် အာသီသရှိနေခဲ့ရာ ယခု မာဆေးနှင့်အတူ ကစားရတော့မည်ဖြစ်၍ ကျေနပ်မိကြောင်း ပြင်သစ်တိုက်စစ်မှူး ဆစ်ဆီက ပြောသည်။

လီဗာပူးတိုက်စစ်မှူး ဆစ်ဆီ

ဆစ်ဆီသည် ကမ္ဘာ့ဖလားအကြို ပြင်သစ်နှင့် တရုတ်အသင်းတို့ ချစ်ကြည်ရေးပွဲကစားခဲ့ရာတွင် ညာဘက်ခြေထောက်ကျိုးသွားရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ ၎င်းသည် ၂၀၀၄၊ ၂၀၀၅ ရာသီတွင်လည်း ဝဲဘက် ခြေထောက်ကျိုးခဲ့သဖြင့် အဓိကပြိုင်ပွဲကြီးများနှင့် လွဲခဲ့ရာ ယမန်နှစ် အောက်တိုဘာလအထိ ပြန်လည်ကစားနိုင်ခြင်းမရှိခဲ့ချေ။

လီဗာပူးက ဆစ်ဆီအား ၂၀၀၄ ခုနှစ် ဇူလိုင်လက အော်ဇာရေးကလပ်အသင်းမှ ပေါင် ၁၄သန်းဖြင့် ခေါ်ယူခဲ့သည်။ ဆစ်ဆီအား မာဆေးတွင် တစ်ရာသီ အငှားသွားရောက်ကစားရန် သဘောတူညီချက်တစ်ရပ် ရရှိထားကြောင်းလည်း မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်က ပြောဆိုသည်။

(အင်တာနက်)

ပြင်သစ်နိုင်ငံပတ် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ဒစ်စဲလ် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိ

ပြင်သစ် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများ၏ ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)

ပါရီ ဇူလိုင် ၁၃

ပြင်သစ်နိုင်ငံ၌ ပြင်သစ်နိုင်ငံတစ်ပတ်လှည့်လည်၍ ယှဉ်ပြိုင်ရသော ပြင်သစ် ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ (**Toure de France**)ကို ကျင်းပလျက်ရှိသည်။

ယင်းခရီးရှည် စက်ဘီးစီးပြိုင်ပွဲသည် အဆင့်ပေါင်း ၂၀ ပါဝင်သည်။ ဇူလိုင် ၁၂ ရက်က ပြိုင်ပွဲအဆင့် ၁၀ ကို ကျင်းပခဲ့ရာ စပိန်နိုင်ငံမှ မီဂယ်မာကာဒိုက ဗိုလ်စွဲခဲ့သော်လည်း ပြင်သစ်နိုင်ငံသား ခရေးဒစ်စဲလ်က ၁၀ ရက်ပြိုင်ပွဲအပြီး အမှတ်အများဆုံးဖြင့် ဦးဆောင်နေသည်။

မာကာဒိုက ဖိုင်ရမ်နီယန်တောင်ပြိုင်ပွဲတွင် ဒစ်စဲလ်အား တာတိုအရှိန်ပြင်းပြင်းနင်းပြီး ကျော်ဖြတ်ကာ ပန်းဝင်နိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်က ယင်းအဆင့်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ပြီးနောက် ဒုတိယအကြိမ် ပန်းဝင်ဗိုလ်စွဲနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် အဆင့် ၁၀ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပြီးနောက် ဒစ်စဲလ်နောက်မှ ဒုတိယလိုက်ခဲ့သည်။ ယူကရိန်းမှ အဝါရောင်ဂျာစီအင်္ကျီပိုင်ရှင် ဟွန်ချာက တတိယလိုက်နေသည်။

ဒစ်စဲလ်သည် အဆင့် ၁၀ ပြိုင်ပွဲအပြီး ၄၃ နာရီ ခုနစ်မိနစ်နှင့် ငါးစက္ကန့်ဖြင့် ပြိုင်ဘက်များကို ဦးဆောင်နေသည်။ မာကာဒိုက ဒစ်စဲလ်နောက်မှ နှစ်မိနစ် ၃၄ စက္ကန့် အချိန်ပိုပြီး ဒုတိယလိုက်နေသည်။ ယူကရိန်းမှ ဟွန်ချာက ဒစ်စဲလ်နောက်မှ သုံးမိနစ် ၄၅ စက္ကန့် အချိန်ပိုပြီး တတိယနေရာမှလိုက်နေသည်။

(အင်တာနက်)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၆ ရက် (တနင်္ဂနွေနေ့)

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာ ကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

ဆာကူရာအထူးကုဆေးခန်း မိသားစု၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၈ရက် နံနက်၅နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အဆိုပါ အထူးကုဆေးခန်း၌ကျင်းပရာ ရာဇဩြဟ်ကျောင်းတိုက်မှ သက်တော်(၁၀၂)နှစ်ရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇယန္တ ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား ဆေးခန်းပိုင်ရှင် ဦးငွေအောင်နှင့်မိသားစုများ၊ ဧည့်သည်တော်များနှင့် ဆေးရုံဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဗုဒ္ဓပြတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်ပြီး အနုမောဒနာတရားတော်နာယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော် သံဃာတော် ၈၅ပါးတို့အား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

မွေးနေ့ဆုတောင်း

ဗိုလ်မှူးစိုးသက် (အထူးအရာရှိ) ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ၁၄-၇-၂၀၀၆ရက်တွင် ကျရောက်သော မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ပါစေ။ **တင်တင်ထွေး။**

မြစ်ရေကြီးမှု ကြိုတင်သတိပြု

မြေကွက်(၂)ကွက်အားလေလံတင်ရောင်းချမည်

၁။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ပိုင် တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်းမှ မြေကွက်နှစ်ကွက်အား ဈေးပြိုင်စနစ်ဖြင့် ၂၈-၇-၂၀၀၆ရက် (သောကြာနေ့) ၀၉း၃၀နာရီတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ အုတ်ပုံဆိပ်လမ်း၊ မရမ်းကုန်းတွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၆-၇-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၆၆၆၉၀၉၊ ၀၉၈၀-၂၀၀၅၀သို့ဖြစ်စေ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး၊ အမှတ် ၈-ခ၊ ပြည်လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်။

ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၂၀၀၆ခုနှစ် ဒဂုံတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရေးအတွက် ပုံနှိပ်ထုတ်ဝေရန် စာချုပ် ချုပ်ဆိုလိုပါသောကြောင့် ချိပ်ပိတ်တင်ဒါ ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ ဈေးနှုန်းလွှာများကို ၂၁-၇-၂၀၀၆ရက် နောက်ဆုံးထား၍ ဒဂုံတက္ကသိုလ်(မြန်မာစာဌာန)သို့တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၅၈၅၀၁၄နှင့် ၅၈၅၀၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
နှစ်ပတ်လည်မဂ္ဂဇင်းကော်မတီ၊ဒဂုံတက္ကသိုလ်။



ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲကို ၁၆-၇-၂၀၀၆ရက်မှ ၂၀-၇-၂၀၀၆ရက်အထိ နေ့စဉ်နံနက် ၉နာရီ၌ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အားကစားဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့(ဝင်ကြေးမရှိ) လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက် (Ve Ve)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ လားရှိုးရုံးခွဲအရောင်းမန်နေဂျာအဖြစ် တာဝန်ပေးအပ်ထားသူ မောင်စိုးဝင်းအောင်(ဘ)ဦးစိန်အောင် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၉/မနမ(နိုင်)၀၄၃၄၈၅ ကိုင်ဆောင်သူနှင့် စာရင်းကိုင် မနန်းလှလှဝင်း (ဘ)ဦးမျိုးအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/လရန(နိုင်)၁၂၃၄၁၆ ကိုင်ဆောင်သူတို့သည် ကုမ္ပဏီပိုင်ငွေကြေးများကို အလွဲသုံးစားပြုလုပ်ထားသည့်အတွက်ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါဝန်ထမ်းနှစ်ဦးအား ၁၇-၂-၂၀၀၆ရက်မှစ၍ ကုမ္ပဏီမှ ထုတ်ပယ်ပြီးဖြစ်ပါသဖြင့် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စရပ်အဝဝကို ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုချိုတင်	**ဦးခင်မောင်စီ**
B.A (Law)., LL.B.	**B.A.(Law).,LL.B**
တရားရုံးချုပ်ရှေ့နေ-(၁၉၇၂)	**တရားရုံးချုပ်ရှေ့နေ(၄၂၀၁)**
အမှတ်(၇၃)ကျိုက္ကဆံလမ်း	**အမှတ်(၅)ရပ်ကွက်**
တာမွေမြို့နယ်၊ ရန်ကုန်မြို့	**ကျောက်မဲမြို့**
နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်	

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်၊ ထိုက်တန်သောလစာပေးမည်။)

၁။	**Assit: Sales Manager**	ကျား (၂)ဦး
၂။	**Supervisor**	ကျား (၂)ဦး
၃။	**Sales Representative**	ကျား (၉)ဦး
၄။	**Service Engineer**	ကျား (၂)ဦး

အမှတ်စဉ်(၁)အတွက် အသက်(၃၀-၄၀)နှစ်အတွင်း၊ ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်၊ စီမံခန့်ခွဲမှုအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။

အမှတ်စဉ်(၂)အတွက် အသက်(၂၀-၃၅)နှစ်အတွင်း၊ ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

အမှတ်စဉ်(၃)အတွက် ဘွဲ့ရ၊ (၁၀)တန်းအောင် ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်။

အမှတ်စဉ်(၄)အတွက် အသက်(၂၈-၄၀)နှစ်အတွင်း၊ AGTI (Mechnicial) ဘွဲ့ရ၊ အတွေ့အကြုံ (၅)နှစ်ရှိရမည်။

အမှတ်စဉ်အားလုံးအတွက် စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိပြီး နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၂၃၇)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

ဘာသာစကားကျွမ်းကျင်သူ အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) ကိုရီးယား (သို့) ပြင်သစ် (သို့) ဂျပန် (သို့) တရုတ် (သို့) အီတလီ(သို့) စပိန် (သို့) အင်္ဂလိပ်စကား တစ်မျိုးမျိုးပြောတတ်ရမည်။
(၂) ပညာအရည်အချင်း အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်ရမည်။
(၃) အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။
(၄) အသက်(၂၀)ဝန်းကျင် ရုပ်ရည်အသင့်အတင့်နှင့် အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။
(၅) လစာကောင်းကောင်းပေးမည်။
(၆) ဘာသာစကားတစ်ခုထက်ပိုတတ်ပါက လစာပို၍ပေးမည်။
(၇) စိတ်ဝင်စားသူသည် ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လိုင်စင်ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အမှတ် ၁၁၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည် ခွေးပျောက်(တယ်ရီယာဖြူ)

တယ်ရီယာခွေးမ၊ အဖြူရောင်(၁)နှစ်သား၊ အမည် ကေကေ ရန်ကင်းမြို့နယ် စည်ပင်မှတ်ပုံတင်အမှတ် ၅၀၀၃၂သည် ရန်ကင်း(၁၂)လုံးတန်း ရိုးမဘဏ်အနီး ၁၂-၇-၂၀၀၆ရက် နံနက် ၁၀နာရီခန့်တွင် ပျောက်ဆုံးပါသဖြင့် တွေ့ရှိထိန်းသိမ်းသတင်းပေးနိုင်သူအား ကျေးဇူးဆပ်ပါမည်။

အမှတ် ၁၃၀/၇၊ (၄)ရပ်ကွက်၊ ရန်ကင်း၊ ဖုန်း-၅၇၉၄၇၉။

မိုးစပါးရာနှုန်းပြည့်ထွက်ရှိရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ဖြူးမြို့၌ နယ်မြေအလိုက် စီမံကိန်းတာဝန်များပေးအပ်

ဖြူး ဇူလိုင် ၅

ဖြူးမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် တစ်မြို့နယ်လုံး မိုးစပါးတစ်ကေပျမ်းမျှ တင်း၁၀၀ထွက်ရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန်၃၀ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

တက်ရောက်

အခမ်းအနားသို့ တောင်ငူခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌေးနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီ အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြ သည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌေးက အမှာစကားပြောကြားပြီး **(ယာပုံ)** စီမံကိန်းတာဝန်များကို ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်တို့က နယ်မြေ အလိုက် တာဝန်များပေးအပ်ကြသည်။

(၂၈၄)

ဥပဒေရေးရာနှင့် ဆောင်ရန်၊ ရှောင်ရန်များရှင်းလင်း ရေဦး၌ စာကြည့်တိုက်ဖွံ့ဖြိုးရေး လုပ်ငန်းဆွေးနွေး

ရေဦး ဇူလိုင် ၁၀

ရေဦးမြို့နယ် တရားရုံး၊ မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ စုပေါင်း၍ ကျေးလက်ပြည်သူများအား ဥပဒေပညာပေးဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် ညနေ ၄ နာရီခွဲက သံလည်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်တရားသူကြီး ဦးစိန်ဝင်းကလူသတ်မှုမဖြစ်ပွားစေရေး ဥပဒေရေးရာများနှင့် ဆောင်ရန်၊ရှောင် ရန် အချက်အလက်များကို ရှင်းလင်း ဆွေးနွေးဟောပြောပြီး၊ မြို့နယ်ဥပဒေ အရာရှိ ဦးတိုးမြင့်က ဆေးလိပ်နှင့် ဆေးရွက်ကြီး ဆက်စပ်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ အကြောင်းကို လည်းကောင်း၊ ရဲအုပ် သစ်လွင်က လူသတ်မှု၊ မုဒိမ်းမှုမဖြစ် ပွားရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအကြောင်းကို လည်းကောင်း ပညာပေး ဆွေးနွေး ဟောပြောကြသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးမြင့်နိုင်က နိုင်ငံတော် က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းများအောင် မြင်ရေးကိုလည်းကောင်း၊မြို့နယ်ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းက ကျေး ရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုး ရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်ခရိုင် မိခင်/ ကလေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ကိုယ်ဝန်ဆောင်မိခင်များ အားဆေးလှူဒါန်း

မြိတ် ဇူလိုင် ၅

မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး ၍ မြိတ်မြို့နယ်လူထု အာဟာရဖြည့် တင်းရေးဌာနသို့ ကိုယ်ဝန်ဆောင်မိခင် များအား အားဆေးနှင့် အာဟာရများ လှူဒါန်းခြင်းနှင့်အာဟာရချို့တဲ့ကလေး များအား အာဟာရများလှူဒါန်းခြင်းကို ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက မြိတ်မြို့ ရေပုန်းရပ်ကွက်အခြေခံပညာမူလတန်း ကျောင်းတွင် ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အာဟာရ အုပ်စု(၃)စုအကြောင်းနှင့် အာဟာရ အုပ်စု(၃)စုကို မျှတစွာ စားသုံးရန် လိုအပ်ကြောင်း ဟောပြောသည်။

လှူဒါန်း

ဆက်လက်၍ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အာဟာရချို့တဲ့ကလေးများအားအာဟာရ များကျွေးမွေးပြီး**(အပေါ်ပုံ)**ကလေးငယ် များအား အားဆေးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှလှူဒါန်းသော နို့မှုန့်များ ကိုလည်းကောင်း၊ ရပ်ကွက် ကျန်းမာ ရေးဌာနသို့ တစ်ခါသုံး သန့်စင်မွေးဖွား ကိရိယာများကိုလည်းကောင်း ပေးအပ် လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာ ဈေးကြီးအတွင်း သားငါးတန်းများတွင် ယင်လုံသံဆန်ခါဖြင့် ရောင်းချ နေမှုကို ဇွန်၈ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ကြက်ဆူပင်စိုက်ပျိုး

မြောက်ဦးမြို့နယ် စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ ခြံစည်းရိုး ကြက်ဆူပင် ၁၀၀၀ စိုက်ပျိုးပွဲကို ဇွန်၂၄ရက်က ထမ္မ ရာဇီမြို့သစ်ရပ်ကွက်ရှိတောင်ဖြူ ဆယ်ကန်ပေါင်ရိုးတစ်လျှောက် တွင် ကျင်းပရာ အမှုဆောင် အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင် လွင်တို့ ကြီးကြပ်ဆောင်ရွက် ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် စည်ပင် သာယာ ရေးအဖွဲ့ဝန်ထမ်း များနှင့် ဌာန ဆိုင် ရာ များ၊ လူမှုရေး အသင်း အ ဖွဲ့ ဝင် များ စု ပေါင်း ၍ မြို့ သန့်ရှင်း သာယာ လှပရေးအတွက် မဂ္ဂင်လမ်းမကြီး တစ် လျှောက် လမ်းဘေး ဝဲယာ မြေယာ ရှုခင်း များ ပေါင်းနုတ်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းတို့ကို ဇွန်၂၄ရက်က မြို့နယ်အတွင်းရေးမှူးဦးဆန်းအောင်ထွေးနှင့် အငယ်တန်း အင်ဂျင်နီယာ–၂ (မြို့ပြ) ဦးသူရလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ဆေးဖျန်း

မင်းဘူး ဇွန် ၃၀

သွေးလွန်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေး လှုပ်ရှားဆောင်ရွက်မှု အဖြစ် လမ်းဘေးရေမြောင်းအတွင်းရှိ နုန်းနှင့်အမှိုက်သရိုက်များ ဆယ်ယူ သန့်ရှင်းရေးလုပ်ငန်းကို စည်ပင်သာယာဈေးအနီး ပိတောက်လမ်း လမ်းဘေး ဝဲယာ ရေမြောင်းများတွင်လည်းကောင်း၊ ဆေးမှုတ် ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့ပေါ် အမကများနှင့်အမှတ်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များတွင်လည်းကောင်း ဇွန်၁၈ရက် နံနက်၇နာရီက ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က လိုက်လံကြည့်ရှု အားပေးသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၆)ရက်

၁၅–၇–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀	တူယှဉ်သီကြွေး စုံတွဲတေး (၁) ဆယ်စုနှစ်ထိ ယနေ့သစ်ချင်သည် (၂) ပန်းအတူတူ ကောက်ကြမယ် (၃) ချစ်မိုးဖြိုင်ဖြိုင်
၀၉:၄၅	အာဆီယံအစီအစဉ်
၁၁:၁၅	သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေသတ္တဝါများ)
၁၁:၃၅	မေတို့ရေးရာ သိမှတ်စရာ ထေရ်ရီအရှင်မကြီးများ၏ မှာကြားချက်
၁၂:၀၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀	နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)
၁၃:၁၀	ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း–ဇီဝဗေဒ–ဇီဝဗေဒ ဆိုင်ရာ မေးခွန်းပုံစံ ရှင်းလင်းချက်)

ညနေပိုင်း

၁၆:၁၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) မအိုသေးတဲ့ချစ်သူ (၂) သစ္စာပွင့် ပန်းလန်းရာမြေ (၃) ချစ်မုန်းပွင့်
၁၇:၀၀	အဆို၊ အက၊ အရေး၊ အတီးဆိုင်ရာ ဆုရအစီအစဉ်(ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်တင်ရွှေနှင့် ရန်ကုန်တိုင်းမှ မမြတ်ပိုးခေတ်တို့၏ ခေတ်ဟောင်း ကာလပေါ်တေး)
၁၇:၁၅	ခေတ်ဟောင်းတေး (၁) ထိုက်သူပန်–ခင်ခင်တင့် (၂) ရွှေမန်းစေတီ– (ခင်မောင်ရင်–မေမေဝင်း) (၃) ပါးချိုင့်လေး– (တက္ကသိုလ်မေစန်း)
၁၇:၃၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာရေးနှင့် ညီညွတ်သော ကိုယ်လက်လှုပ်ရှားမှု– ဉာဏ်ဟိန်းထက်–(ဆေး–၂)
၁၈:၄၅	လှပသော အိမ်ဂေဟာ (သန့်ရှင်းလင်းလက်အိမ်ခန်း အသွင် ကြွေပြားများနှင့်အလှဆင်)
၁၉:၁၅	မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ကုဋေခင်၏ ရည်းစားထားပြီး ဘာမျှမသိ တေးစီးရီး)
၂၀:၃၀	တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
၂၀:၄၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) တစ်နေ့တခြား လှလာတယ် (၂) တေလေငှက် (၃) ချစ်ဒါလီနဲ့ ဝေးခဲ့ရပြီ

ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဦးတင်ဝင်း - ဒေါ်ဖြူဖြူဝင်း (သား) သီဟတင်ဝင်းမိသားစုက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံ တစ်ဆူအတွက် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လွင်တို့ ဇွန် ၂၆ ရက်က ဘားအံမြို့ မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အုတ်ရေမြောင်းဖောက်လုပ်ခြင်းနှင့် ရေမြောင်းဖုံးများ ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပ

တိုက်ကြီး ဇူလိုင် ၁၂

ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင်ဆရာတော်အားအမှူးထား၍ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၉ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေရှိ ခန်းမ၌ ကျင်းပရာ ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (အထက်တန်း) ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင် ဦးမျိုးညွန့်-ဒေါ်တင်တင်ဝင်း၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန်မှ နာယက ဦးအေးသိန်း၊ဥက္ကဋ္ဌ ဦးဘိုကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အလှူရှင်မိသားစုများက ပန်းတစ်ပွင့်တောင်ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုတို့အတွက် ဝမ်းမြောက်စကားကို အလှူရှင်များကိုယ်စား ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀ အဖွဲ့ အင်းစိန်မှ နာယက ဦးစိုးဝင်းက လျှောက်ထားသည်။

(ယာပုံ)

ထို့နောက် ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှပရိသတ်တို့က ဩဝါဒကထာနှင့် ရေစက်ချတရားတို့ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇူလိုင် ၁ရက်က အဖွဲ့ပိုင် ခဝဲပင်နှင့် ဒန့်သလွန် စိုက်ခင်းများအတွင်း ပေါင်းမြက်များ ရှင်းလင်း မြေဆွခြင်းလုပ်ငန်းများကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေ ကြီးကြပ်ပေးစဉ်။ (ပြည်နယ် စည်ပင်)

မလှိုင်မြို့၌ ခရီစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မလှိုင် ဇူလိုင် ၅

မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြံစည်းရိုးကြက်ဆူ တစ်အုပ်တစ်မစိုက်ခင်းစုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၆ရက်က မလှိုင်မြို့နယ် လက်ခွေ့ကျေးရွာအုပ်စု မြင်းသေချောင်းဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ခြံစည်းရိုးကြက်ဆူ တစ်အုပ်တစ်မစိုက်ခင်းဧက ၃၀၌ ဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍စိုက်ပျိုးကြရာသို့ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းနှင့် ဇနီးတို့က လိုက်လံကြည့်ရှု အားပေးကြပြီး ကိုယ်တိုင်ပါဝင်စိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက ၈၂ဧကစိုက်ပျိုးမည်ဖြစ်သည်။ **(၄၁၉)**

မြောင်းမြခရိုင် လပွတ္တာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇွန် ၂၄ ရက်က မြို့နယ်ဆေးရုံရှေ့၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်သန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမွန်ခမ်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရဲနွယ်ဆည်အတွင်း ငါးမျိုးများစုပေါင်းစိုက်ထည့်

ကျောက်တံခါး ဇူလိုင် ၁၀

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏စီစဉ်မှုဖြင့် ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးထုတ်လုပ်မှု ပိုမိုမြင့်မားစေရေးအတွက် ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၇ရက် နံနက်က ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ရဲနွယ်ရေလှောင်ဆည်၌ကျင်းပသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကလိငါးသားပေါက်စခန်းမှ ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရဲနွယ်ဆည်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများစုပေါင်း၍ ပဲခူးတိုင်း ကလိငါးသားပေါက်စခန်းမှ ငါးခုံးမကြီးငါးမျိုးနှင့် ငါးမြစ်ချင်း၊ ငါးသန်ကောင်ရေ ၂၀၀၀၀၀ ကို ရဲနွယ်ဆည်အတွင်း ငါးမျိုးစုပေါင်းစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(၁၃၄)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကျောက်ပန်းတောင်း ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင်၂ရက်က ကျောက်ပန်းတောင်းမြို့နယ် ဆင်ခေါင်းကျေးရွာတွင်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်လှလှဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းတက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါင်း ၅၅၀၀ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၇-၇-၂၀၀၆ (တနင်္လာနေ့)

- ❑ Teaching Business English (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၁၈-၇-၂၀၀၆ (အင်္ဂါနေ့)

- ❑ A Survey of Literary Theories (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Teaching Drama (1)+(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၀-၇-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Teaching Drama (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Psycholinguistics (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၁-၇-၂၀၀၆ (သောကြာနေ့)

- ❑ Developing Writing Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Integrated Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၂-၇-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၃-၇-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ပန်းတနော်မြို့စာသင်တိုက်များသို့ ရေချိုငါးပိများဆက်ကပ်

ပန်းတနော် ဇူလိုင် ၅

ပန်းတနော်မြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ ရေချိုငါးပိများ ပဋ္ဌမအကြိမ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက သာသနာ့ဟိတာရာမပုခန်းကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ (သုခမ္မာ) ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာသာမိနှင့် သံဃာတော်များ၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်သိန်းနှင့်အမှုဆောင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌ တို့က ပဋ္ဌမအကြိမ်ရေချို ငါးပိများ လှူဒါန်းရခြင်းအကြောင်း လျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ရေချိုငါးပိများနှင့် ဆန်အိတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက်တို့အား သွားရောက်၍ ရဟန်းသာမဏေနှင့် သီလရှင် ၄၇၉ ပါးအတွက် ရေချိုငါးပိ ပိဿာချိန် ၅၀၀ နှင့် ဆွမ်းဆန်တော်နှင့် ဆီများဆက်ကပ်လှူဒါန်းကြသည်။ **(၃၂၇)**

ဝေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ကြူသင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ ဇွန် ၂၈ ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေး အ သင်း က ဖွင့် လှစ် သော မူကြို နေ့ကလေးထိန်းကျောင်းတွင် အာဟာရကျွေးမွေးပြီး လက်ရေးလှစာအုပ်၊ပုံဆွဲစာအုပ်၊ ရောင်စုံခဲတံများ လှူဒါန်းပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါ်အေးကျော့ကျော့လတ်က မူကြိုကလေးငယ်များအား ကျန်းမာရေး စစ်ဆေးပေးစဉ်။ (ခရိုင် ပြန်/ဆက်)

စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

လှိုင်သာယာမြို့နယ် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၈၀)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
မော်လမြိုင်မြို့၊ မွန်ပြည်နယ်တရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၄၆

ဒေါ်တင်လှိုင် ဒေါ်လှမြိုင်ပါ-၁၄

နှင့်

တရားလို **တရားပြိုင်များ**

မုဒုံမြို့နယ် ကွမ်လှပ်ကျေးရွာနေ (၁) ဒေါ်မီး၊ (၂) ဦးကွန်ဘိုင်၊ (၃) ဦးမှုံးအောင်၊ (၄) ဒေါ်မရ၊ (၅) ဦးမောင်ဘင်၊ (၆) ဦးစိုးမြင့်၊ (၇) ဒေါ်ကြည်အေး၊ (၈) ဦးဟရယ်မ်၊ (၉) ဦးကျော်ခိုင်၊ (၁၀) မယု၊ (၁၁) မအိ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်တင်လှိုင်က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဇူလိုင်၂၄ ရက် (၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်(၁)စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇွန်၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သင်းသင်းနွဲ့
တွဲဖက်ပြည်နယ်တရားသူကြီး
မွန်ပြည်နယ်တရားရုံး
မော်လမြိုင်မြို့။

အများသိစေရန်

၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၂၃ရက်နေ့ တင်ဒါအောင်မြင်ပြီး ဝယ်ယူခွင့်ရရှိသော စက္ကူဖြူ/ညို ၂၅၄၆၀၀၀ဝိ/-(နှစ်ရာငါးဆယ့်လေးသိန်းခြောက်သောင်း) တန်ဖိုးနှင့် ပတ်သက်၍ ဒေါ်တင့်တင့်ဌေးသည် ဦးစလင်း၊ ဦးမြင့်ဦး၊ ဦးဖေခင်(မင်္ဂလာစက္ကူဆိုင်)နှင့် စက္ကူစာရင်းဇယား၊ ငွေကြေးအပေးအယူကိစ္စများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ဦးမြင့်ဦး၊ ဦးဖေခင်တို့မှ အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းစက္ကူ အရောင်းအဝယ်လုပ်ငန်းတွင် ဒေါ်တင့်တင့်ဌေး၏ခင်ပွန်းမှာ ပါဝင်ပတ်သက်မှုမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးစလင်း၊ ဦးဖေခင်၊
ဦးမြင့်ဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်စိုး
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၉၊ မြစ္စာညိုလမ်း (၆)ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



အမည်ပြောင်း

အဖ ဦးတင်အောင်မိုး၏သမီး စလင်းမြို့ အထက သတ္တမတန်း (A)တွင် ပညာသင်ကြားနေသော မဟန်နီနီထက်အား ယနေ့မှစ၍ မယွန်းနေရည်ဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းနေရည်။**

သင့်အတွက်ဆန်

သင့်လုပ်သားများအတွက် ဆန်ကို ဆိုင်ဈေးနှုန်းနှင့်အရောက်ပို့သည်။ SSAA ဆန်စုံစုံ ဆီသန့်သန့်။ **ဖုန်း-၆၆၇၀၉၃။**



ကြေညာချက်

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ် အိမ်အမှတ် (ညည- ၆၆/၂၉)နေ ကျွန်တော်ဦးဇင်မင်းဦး မှတ်ပုံတင်အမှတ် ၉/ပကခ(နိုင်)၀၀၄၆၀၅သည် ဗန်းမော်မြို့ ပညာ့ရိပ်သာရပ်နေ ဒေါ်သောင်းတင်(ခ) ဒေါ်မိမိခိုင် မှတ်ပုံတင်အမှတ် ၁/ဗမန(နိုင်)၀၀၄၉၁၃၏ကိုယ်စားအမည်ခံကာ ရန်ကုန်မြို့ ကမာရွတ်နေ ဦးကျော်ကျော် မှတ်ပုံတင်အမှတ် ၁၂/ကဗရ(နိုင်)၀၀၅၈၄၃ထံမှ ဟိုက်အေ့အမျိုးအစားကားနံပါတ် ၅က/၃၂၀၃ မှန်လုံကားတစ်စီးကို ငွေကျပ်သိန်း ၁၇၀ ဖြင့် ဝယ်ယူပေးကာ မန္တလေး ကညနရုံးတွင် ကျွန်တော်၏အမည်ပေါက်နေသော်လည်း ယခုအခါ အဆိုပါကားကို ဒေါ်သောင်းတင်(ခ)ဒေါ်မိမိခိုင်သို့ အပြီးအပိုင်ပြန်လည်လွှဲပြောင်း အပ်နှံပေးပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇင်မင်းဦး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေ့ရက်	အချိန်
(က)	Alkyd Resin(L. O. L)	30 MT	၂၁-၇-၂၀၀၆	မွန်းတည့် ၁၂း၀၀နာရီ
(ခ)	Caustic Soda (Solid)	4940MT	၂၄-၇-၂၀၀၆	မွန်းတည့် ၁၂း၀၀နာရီ
(ဂ)	Machine Clothing	(၃)မျိုး	၂၈-၇-၂၀၀၆	မွန်းတည့် ၁၂း၀၀နာရီ

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်- ၅၄၃၃၆၅ သို့ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြင်သစ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၆ခုနှစ် ဇူလိုင်၁၄ရက်တွင် ကျရောက်သည့် ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒိုမိနစ်ဒယ် ဗီလာပန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၆ခုနှစ် ဇူလိုင် ၁၁ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်းဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးအောင်သောင်း စက်ရုံများနှင့် မိတ္ထီလာစက်မှုဇုန်စစ်ဆေး စက်အရန်ပစ္စည်းများ တီထွင်ကြံဆထုတ်လုပ်သွားရေးဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၁၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းမောင်နှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင်၁၀ရက် ညနေ၂နာရီတွင် မန္တလေးတိုင်း မြစ်သားမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံစီမံကိန်းသို့ ရောက်ရှိလာရာ စက်ရုံတာဝန်ရှိသူများက ချည်မျှင်စက်ရုံစီမံကိန်း(မြစ်သား)၌ လက်ရှိဆောင်ရွက်ထားသော ပင်မအဆောက်အအုံကြမ်းခင်းတည်ဆောက်ထားမှုများအပေါ် လေ့လာဆန်းစစ် တင်ပြကြသည်။

သုံးသပ်ဆောင်ရွက်

ဝန်ကြီးက စီမံကိန်းလုပ်ငန်းသည် ရေရှည်မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်၍ လုပ်ငန်းများ အကောင်အထည်မဖော်မီ ဘက်စုံထောင့်စုံမှ သုံးသပ်ဆောင်ရွက်သွားရေး၊ ပင်မအဆောက်အအုံ၏ ပုံစံဒီဇိုင်းများကို တိကျစွာရေးဆွဲ၍ အမြန်တင်ပြရေး ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း)၏ ရွှေဝါဆပ်ပြာတောင့် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)



အေးရိပ်ပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသော ရှင်ပြုနားသပွဲ မကျင်းပမီ ရှင်လောင်းလှည့်ရန် ပြင်ဆင်နေကြသော ပန်းချီကိုကိုအောင်၏ ရှင်ပြုနားသပြင်ဆင်ချိန် ပန်းချီကားမှာ ဤသို့ အမြင်ဆန်းလှသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရသစုံစုံ၊ အသွင်ဆန်းဆန်း ပန်းချီကားများ အေးရိပ်ပန်းချီပြပွဲ၌ ခင်းကျင်းပြသထား

ခံစားညွှန်းဖွဲ့သူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၃

ပန်းချီကားတစ်ချပ်သည် ခေတ်တစ်ခေတ်၏ အနုပညာပုံရိပ်ဟုဆိုသည်။ ခေတ်တစ်ခေတ်၏ အနုပညာဖွံ့ဖြိုးမှုကို ထိုခေတ်က ရေးဆွဲခဲ့သော ပန်းချီကားများက ဖော်ညွှန်းပြသနေသည်။ ထို့အတူ ယနေ့ မြန်မာ့ပန်းချီအနုပညာ တိုးတက်မှု၏အနေအထားကို ပန်းချီပြပွဲများ၌ ခင်းကျင်းပြသလျက်ရှိသော ပန်းချီကားများက ညွှန်းဆိုပြသလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အကျိုး ရပ်ရွာအကျိုး ဆက်လက်သယ်ပိုးဆောင်ရွက်လို NLD ပါတီအပေါ်ယုံကြည်အားထားမှုမရှိတော့ ခင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၅ ဦး စုပေါင်းနုတ်ထွက်ခဲ့ကြ

ရန်ကုန် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ရွာသာရွာမှ ဦးအောင်ထွေး၊ ဦးလှမြင့်၊ ဦးဖိုးတူ၊ ဦးခင်မောင်အေး၊ ဦးအောင်လေး၊ ဦးတင်၊ ဦးသန်းမြင့်၊ ဦးအောင်မြင့်၊ ဦးတင်အောင်၊ ဦးခင်အောင်တို့ အပါအဝင် ပါတီဝင် ၃၅ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ဇွန် ၁၉ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းတို့သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးကိုသာ ဆက်လက်သယ်ပိုး လုပ်ကိုင်ဆောင်ရွက်လိုပြီး NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီအပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**